# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဩဂုတ်လ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၄၂)၊ ၁၃၈၇ ခုနှစ် ၊ ကဆုန်လဆန်း ၂ ရက် ၊ ၂၈–၄–၂၀၂၅၊ တနင်္လာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများပျက်စီးသွားသည့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဧပြီ ၂၇

မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများ ပျက်စီးသွားသည့် တိုင်းဒေသကြီး၊ ပြည်နယ်များ အတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာ ဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများ၊ နေပြည်တော်ကောင်စီနယ်မြေတိုင်းပညာရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဇွန်လ ၁၆ ရက်မှစ၍ တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုရန် ကြေညာထားပြီးဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအကြား မျှတမှုရှိစေရေးအတွက် အဖြေလွှာများ ပျက်စီးသွားသော တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုစေခြင်းဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ကချင်ပြည်နယ်များတွင် ဘာသာစုံဖြေဆိုထားသော ကျောင်းသား၊ ကျောင်းသူပေါင်း ၆၃၀၀၀ ခန့်ရှိကြောင်း၊ ထိုကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သော ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောလ်ပင်များ၊ ခဲတံ၊ ခဲဖျက်၊ ပေတံ စသည့် ကျောင်းသုံးပစ္စည်းများနှင့် လိုအပ်သည်များကို ဝန်ကြီးဌာနအနေဖြင့် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ အနာဂတ်ဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်ခွန်အား ပြန်လည်မြှင့်တင်ပေးရန် အားလုံး ဝိုင်းဝန်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် သတ်မှတ်ထားသော ကျောင်းများတွင် တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများက လာရောက်၍ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး အခြေခံပညာဆရာ၊ ဆရာမများက ဆက်လက်သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်က သင်ကြားမည့် ကျောင်း၊ ဆရာ၊ ဆရာမ စာရင်း၊ အချိန်ဇယားနှင့် သင်ခန်းစာများကို သေချာစွာ ပြင်ဆင်ထားရှိရန်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ကျောင်းသား၊ ကျောင်းသူများ အတွက် သတ်မှတ်ထားသော ကျောင်းများ၊ စခန်းများတွင် သောက်ရေ၊ သုံးရေလုံလောက်စွာ ရရှိရေးနှင့် သန့်စင်ခန်းများ အဆင်ပြေစေရေးနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဦးစီးဌာနအလိုက် တာဝန်ရှိသူများက ဆောင်ရွက်နေမှုများနှင့် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

သတင်းစဉ်

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

နေပြည်တော် ဧပြီ ၂၇

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် တောင်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**နောက် ၂ ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

၂၀၂၅ ခုနှစ်၊ ဧပြီ ၂၈ ရက်၊ တနင်္လာနေ့။

မန္တလေး နေ့စဉ်

## ထူးတင့်ပြည့်စုံ လကဆုန်

ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် လတကာတို့တွင် ကဆုန်လကို မွန်မြတ်သောလဟု တင်စားခေါ်ဝေါ်ကြသည်။ အကြောင်းကား ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ကဆုန်လမှာပင် (၁) ဖွားမြင်တော်မူခဲ့သည်။ (၂) ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။ (၃) ဗုဒ္ဓဝင်အကျဉ်း ဟောတော်မူခဲ့သည်။ (၄) ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ကဆုန်လကို လတကာလတို့ထက် အလေးအနက်ပြုကြလျက် လေးစားရိုကျိုးမြတ်နိုးကြသည်။

မြန်မာတို့၏ ဆယ့်နှစ်လ ရာသီပွဲတော်များအနက် ညောင်ရေသွန်းပွဲတော်သည် ကဆုန်လပြည့်နေ့တွင် ကျင်းပသော ပွဲတော်ဖြစ်သည်။ "သင်္ကြန်တာကျူး၊ နှစ်ဦးညောင်ရေ၊ စာပုလွေခင်း၊ ပဋ္ဌင်းတော်ခံ"ဟူသော အဆိုအတိုင်း ညောင်ရေသွန်းပွဲတော်ကျင်းပရာလထူးလမြတ်သည် ကဆုန်လဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့၏ ထူးမြတ်သောပွဲတော်လည်းဖြစ်သည်။ ကဆုန်လမှာ နွေရာသီ တွင်ကျရောက်သောကြောင့် ပူပြင်းလှသည်။

ကဆုန်လပြည့်နေ့သည် ထူးခြားသော ဝိသေသ လက္ခဏာများဖြင့် ပြည့်စုံလှသည်။ "ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း"ဟူသော စကားနှင့်အညီ နေ့ထူးနေ့မြတ်ဖြစ်သည်။ ဂေါတမမြတ်စွာဘုရား ဖွားမြင်တော်မူသောနေ့မှာ ကဆုန်လပြည့်နေ့ဖြစ်သည်။ ဘုရားဖြစ်တော်မူသည်မှာလည်း ကဆုန်လပြည့်နေ့ဖြစ်သည်။ ပရိနိဗ္ဗာန်စံတော်မူသည်မှာလည်း ကဆုန်လပြည့်နေ့ဖြစ်သည်။ မြတ်စွာဘုရားနှင့် သက်ဆိုင်သောအကြောင်းအရာများကို မှတ်သားမိစေရန် ညောင်ရေသွန်းလောင်းပွဲကို ကဆုန်လပြည့်နေ့တွင် ပြုလုပ်ကြသည်။

ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့အား ဘဒ္ဒကမ္ဘာ တွင် လေးဆူမြောက်ဖြစ်သည့် ဂေါတမအမည်ဖြင့် ဘုရားစင်စစ်ကေန်ဖြစ်လိမ့်မည်ကို ဒီပင်္ကရာမြတ်စွာဘုရားက နိယတဗျာဒိတ်ကို ကဆုန်လပြည့်နေ့မှာ ပေးခဲ့၍ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်နေ့ဖြစ်လာသည်။ မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူခဲ့ပြီး မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားသည် ဗောဓိပင်ရင်း၌ သဗ္ဗညုတဉာဏ်တော်ကို ရရှိကာ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင်မူ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံတော်မူခဲ့သဖြင့် ဗုဒ္ဓဘာသာသမိုင်းတွင် ဤကဲ့သို့သော ထူးခြားချက်များကြောင့် ဗျာ၊ ဖွား။ ပွင့်၊ စံ၊ ဤလေးတန်၊ မှတ်ရန် ဗုဒ္ဓနေ့ဟု အဆိုရှိခဲ့သည်။

ထေရဝါဒဗုဒ္ဓသာသနာတော် အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲစေခြင်းငှာ ဗုဒ္ဓပူဇနိယပွဲတော်များကိုလည်း စဉ်ဆက်မပြတ်ထိန်းသိမ်းကာ ကုသိုလ်ပြုဆောင်ရွက်ခဲ့ကြသည့် ကောင်းမှုများအနက် ပရိဘောဂစေတီထိုက်သည့် မဟာဗောဓိပင်အား ပူဇော်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ဂေါတမမြတ်စွာဘုရားရှင် ဒေသစာရီကြွချီတော်မူခိုက် မြတ်စွာဘုရားကိုယ်စားသဗ္ဗညုတဉာဏ်ရရှိရန် ကျေးဇူးများခဲ့သည့် ဖွားဖက်တော်ဗောဓိပင်အား စိုက်ပျိုးပူဇော်ကြလျှင် ငါဘုရားကို ပူဇော်ခြင်းနှင့် အတူတူပင်ဖြစ်သည်ဟု မိန့်တော်မူချက်အရ သာဝတ္ထိပြည်သူပြည်သားများ မဟာဗောဓိပင်အား ပရိဘောဂစေတီအဖြစ် စိုက်ပျိုးကိုးကွယ်ရန် စီစဉ်ခဲ့ကြသည်။

သို့ဖြစ်ရာ မြတ်စွာဘုရားသည် သဗ္ဗညုတရွှေဉာဏ်တော်ကို ရတော်မူရန်အတွက် ဗောဓိပင်အား အမှီပြုကာ တရားအားထုတ်ခဲ့သဖြင့် ထူးတင့်ပြည့်စုံသည့် ကဆုန်လတွင် ကုသိုလ်ကောင်းမှုများ ပြုလုပ်နိုင်ရေးအတွက် နှိုးဆော်တိုက်တွန်း ရေးသားလိုက်ရပေသည်။

## ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော မန္တလေးဒေသအတွင်းရှိ ရှေးဟောင်းအဆောက်အအုံများကို နယ်မြေအလိုက် ကွင်းဆင်းစာရင်းကောက်ယူ



**မန္တလေး ဧပြီ ၂၇**

ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော မန္တလေးဒေသအတွင်းရှိ ရှေးဟောင်းအဆောက်အအုံ၊ ဘုရားစေတီ၊ ပုထိုးနှင့် အဆောက်အအုံများကို နယ်မြေအလိုက် ကွင်းဆင်းစာရင်းကောက်ယူရာတွင် ယနေ့အထိ ၁၅၂၈ ခုရှိပြီး ကျွမ်းကျင်ပညာရှင်များနှင့် ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဟု သိရသည်။ **(အပေါ်ယာပုံ)**

ပျက်စီးဆုံးရှုံးသွားသော အဆောက်အအုံများတွင် အသစ်ပြန်လည်ဆောက်ရန်နှင့် လက်ရှိအတိုင်း ထိန်းသိမ်းထားရှိရန်ဟူ၍ အပိုင်း နှစ်ပိုင်းရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က ပြောသည်။

"ငလျင်ဒဏ်ကြောင့် ပျက်စီးသွားတဲ့ ရှေးဟောင်းအဆောက်အအုံတွေကို ကျွန်တော်တို့ ဌာန အင်ဂျင်နီယာအဖွဲ့တွေ ပေါင်းစပ်ပြီး နယ်မြေအလိုက် စာရင်းကောက်ယူပါတယ်။ ပြုပြင်ထိန်းသိမ်းရာမှာ ရှေးမူမပျက် အသစ်ပြန်လည်တည်ဆောက်မလား၊ ပျက်ပုံအတိုင်းထိန်းသိမ်းထားမလားဆိုတဲ့ အပိုင်း နှစ်ပိုင်းရှိပါတယ်"ဟု ၎င်းက ပြောသည်။

မန္တလေးဒေသတွင် မန္တလေး၊ ပလိပ်၊ အင်းဝ၊ ပင်းယ၊ စစ်ကိုင်း၊ မိတ္ထီလာ၊ မိုင်းမော၊ မကွေး၊ မြင်စိုင်းစသည့် ယဉ်ကျေးမှုနယ်မြေများမှ စုစုပေါင်းကောက်ခံရရှိသော အပျက်စာရင်းအရ ၁၅၂၈ ခုရှိကြောင်း၊၎င်းတို့ထဲမှပျက်စီးပုံ အခြေအနေကို ပြန်လည်ခွဲခြားမည်ဖြစ်ကြောင်း သိရသည်။

"၁၅၂၈ ခုဆိုတာ ရှေးဟောင်းစာရင်းဇယားဝင်ထဲက ကောက်ယူထားတဲ့ အပျက်အစီးပါ။ နှစ် ၁၀၀ သက်တမ်းရှိရမယ်၊ သူ့ရဲ့အနုပညာလက်ရာတန်ဖိုး၊ ရှေးဟောင်းသုတေသနဆိုင်ရာတန်ဖိုး စသဖြင့် ၂၀၁၅ ရှေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေးဥပဒေအရ စံနှုန်းနဲ့ ကိုက်ညီမှ ရှေးဟောင်းအဆောက်အအုံလို့ သတ်မှတ်ပါတယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။

ရှေးဟောင်းအဆောက်အအုံဆိုသည်မှာ ဥပဒေအရ နှစ်ပေါင်း ၁၀၀ ကျော်ရန်လိုအပ်ပြီး အချို့ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးများမှာ ရှေးဟောင်းစာရင်းဇယားတွင် မပါရှိကြောင်း၊ ယခုကောက်ယူရရှိထားသည့် ပျက်စီးမှုစာရင်းမှာ ရှေးဟောင်းစာရင်းဇယားဝင်များကိုသာ ကောက်ယူထားသည့် စာရင်းဖြစ်ပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဇ)**

## ငလျင်ဒဏ်သင့်ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီးဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ သင်္ဂဇာအရှေ့ပတ်လမ်းနှင့် လမ်း၃၀ထောင့်၊ အမရပူရမြို့နယ်၊ စစ်ကိုင်းလမ်း၊ ရွာသာရပ်၊ မှန်တန်း၊ မိုးကောင်းဓမ္မာရုံအနီးတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဧပြီ ၂၈ ရက်တွင် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၂)ရပ်ကွက်၊ ၆၂လမ်း၊ ၃၉လမ်းနှင့် လမ်း၄၀ကြား၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၄၈၀) တမ္ပဝတီရပ်ကွက်၊ စစ်ကိုင်း-မန္တလေးလမ်းဘေးတွင်လည်းကောင်း၊ ဧပြီ ၂၉ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အောင်တော်မူရပ်ကွက်၊ ၆၃လမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ ညရပ်ကွက်၊ ၄၉လမ်း၊ ၁၃၉လမ်းနှင့် ၁၄၀လမ်းကြားတို့တွင်လည်းကောင်း၊ ဧပြီ ၃၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်ရပ်ကွက်၊ အကွက်(၂၃၅)၊ လမ်း၉၀နှင့် ၃၀ လမ်းထောင့် ကျောက်ဆစ်မီးသတ်အနီး၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ၊ ရွာလယ်ဓမ္မာရုံတို့တွင်လည်းကောင်း၊ မေ ၁ ရက်နေ့တွင် ကမ္ဘာ့အလုပ်သမားနေ့ရုံးပိတ်ရက်အဖြစ် သက်သာဈေးရောင်းချမှု ရပ်နားထားပြီး မေ ၂ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီးအတွင်း၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ၅၄လမ်း၊ လမ်း၁၁၀နှင့် ၁၁၁လမ်းကြားတို့တွင်လည်းကောင်း၊ မေ ၃ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်၊ အကွက်(၄၁)၊ ၂ လမ်း၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ ပြည်သူ့ဆေးရုံမြောက်ဘက်တွင်လည်းကောင်း၊ မေ ၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်၊ အကွက်(၅၄၉)၊ ၃၄လမ်း၊ ၈၅ လမ်းနှင့် ၈၆လမ်းကြား၊ မလွန်ရေတွန်းစက်ရုံဘေး၊ ချမ်းမြသာစည်မြို့နယ်၊ ဘဘ-၁၁၊ မြရည်နန္ဒာရပ်ကွက်၊ ၄၈လမ်းနှင့် ၄၉လမ်းကြား၊ ၁၁၄လမ်းတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။




ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-ဖ)**

o-o-o-o-o

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၇

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

## ကြည့်ရှုအားပေး

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်း၌ မလေးရှားနိုင်ငံမှ ဆေးဘက်ဆိုင်ရာကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက် ပေးနိုင်မှုများကို လည်းကောင်း၊ သောတပန်ရပ်ကွက်ရှိ သုတေသကသီလရှင်ကျောင်းတိုက်၌ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုနှင့် သံပုဏ္ဏာရာမ ကျောင်းတိုက်ကျောင်းပရိဝုဏ်အတွင်း ငလျင်ဒဏ်သင့် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ပြည်သူများအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ဆေးကုသပေးနေမှုများကိုလည်းကောင်း၊ စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဒဏ်သင့်ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန်အတွက် တပ်မတော် ရေသန့်စက်ရုံနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရေသန့်စက်ရုံတို့မှ ရေဝတီမြစ်ရေကို သန့်စင်၍ သောက်သုံးရေဖြန့်ဝေပေးနေမှုများကို လည်းကောင်း သွားရောက်ကြည့်ရှု အားပေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်တို့သည် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးမြို့ ibis Styles Hotel သို့ သွားရောက်၍ ထိုင်းနိုင်ငံမှ Col. Suthawut Naksri ဦးဆောင်သော ဆေးအကူအညီပေးရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ကူညီဆောင်ရွက်ရေး အင်ဂျင်နီယာအဖွဲ့ဖလှယ် ဆွေးနွေးခဲ့ကြပြီး စားသောက်ဖွယ်ရာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် အဖွဲ့က အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများကို လည်းကောင်း၊ လုပ်ငန်းခွင်ဘေးရှိ ပစ္စည်းလက်ခံ/လွှဲပြောင်းရေး အဖွဲ့ယာယီရုံးတွင် Sky Villa အဆောက်အအုံ အပျက်အစီးများ ဖယ်ရှားရှင်းလင်းရာတွင် ဖော်ထုတ်ရှာဖွေ တွေ့ရှိသော ပစ္စည်းများကို သက်ဆိုင်ရာ ပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးနိုင်မှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရေသန့်စက်ရုံမှ သောက်သုံးရေဖြန့်ဝေနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် အောင်မြေသာစံမြို့နယ်ရှိ Sky Villa ၌ ငလျင်ဒဏ်ကြောင့်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

အား လက်ခံတွေ့ဆုံ၍ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအပေါ် လိုအပ်သည့် အကူအညီများပေးနိုင်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးစွာ အမြင်ချင်းဖလှယ် ... လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့များအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ တစ်ဆက်တည်းတွင် Sky Villa ရှေ့ရှိ အမှတ်(၄)ရေစစ်ကန် အခြေအနေနှင့် ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မဟာအောင်မြေမြို့နယ်ရှိ ဂရိတ်ဝေါ(လ်)ဟိုတယ်နေရာသို့ရောက်ရှိပြီး အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေး၍ အဆောက်အအုံဘေးရှိ လမ်းမကြီးပေါ်တွင် လူ/ယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်သည့် အတိုင်းအတာအထိ အမြန်ဆုံး ဖြိုချဖျက်ဆီး ရှင်းလင်းရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မဟာအောင်မြေမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်ရှိ လမ်းဘေး ဝဲ/ယာ တစ်လျှောက် အန္တရာယ်ရှိ အဆောက်အအုံ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်ရှိ Golden City Hotel နေရာ၊ တိုင်းသမဝါယမဦးစီးမှူးရုံး၊ ဘီဂျင်းဟိုတယ်၊ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနရုံးနေရာတို့တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို လည်းကောင်း၊ အဆောက်အအုံများအား ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးပြီး ပြန်လည်ပြုပြင်နိုင်မည့် အဆောက်အအုံအဖြစ် သတ်မှတ်ကာ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား အများပြည်သူ အသုံးပြုမှုများသည့် လမ်းမကြီးများပေါ်တွင် လူ/ယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် လမ်းမကြီး ဘေးဝဲ/ယာ မျက်နှာစာတန်းကို ဦးစားပေး၍ အန္တရာယ်ရှိ အဆောက်အအုံများ ဖယ်ရှားရှင်းလင်းရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်မန္တလေးတောင်တော်

စာမျက်နှာ ၄ သို့ »»



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်တော် ဆုတောင်းပြည့်စေတီတော်ပရိဝုဏ်အတွင်း ရှေးမူမပျက် ပြုပြင်ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ရန်ကုန်-တောင်ငူ-မန္တလေးလမ်းမိုင်(၃၅၄/၃-၃၅၄/၄)အတွင်းရှိ ယုဇနတံတား ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၇

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၆၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၆ ဦးနှင့် ပျောက်ဆုံးသူ ၁၀၇ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၇ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဧပြီ ၂၆ ရက် ည ၈ နာရီ ၁၀ မိနစ်မှ ဧပြီ ၂၇ ရက် ညနေ ၅ နာရီအတွင်း တရုတ်နိုင်ငံက ထောက်ပံ့ပေးသည့် ခြင်ထောင်၊ အိပ်ရာခင်းများ ၇ ဒသမ ၆၈၉ တန်၊ မြန်မာ-ထိုင်ဝမ် ကုန်သည်ကြီးများအသင်းက ထောက်ပံ့ပေးသည့် လူသုံးကုန်ပစ္စည်းများ သုည ဒသမ ၉၇၁ တန်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)က ထောက်ပံ့ပေးသည့် မီးဖိုချောင်သုံး ပစ္စည်းများ၊ ရေပုံး၊ တာပေါ်လင်၊ ဆိုလာမီးအိမ် ၈၀ ဒသမ ၁၆၈ တန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မန္တလေးတိုင်းဒေသကြီးရှိ ငလျင်ဘေးဒဏ်သင့် ပြည်သူ့ဆေးရုံများ လှည့်လည်ကြည့်ရှု

နေပြည်တော် ဧပြီ ၂၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး (ကျောက်ဆည်မြို့) သို့ ရောက်ရှိကာ အထွေထွေရောဂါကုသဆောင်၊ အရိုးကုသဆောင်၊ ဓာတ်မှန်ဌာန၊ ဓာတ်ခွဲဌာန၊ အရေးပေါ်လူနာကုသဌာန၌ ဆေးဝါးကုသမှုခံယူနေသော လူနာများနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုအခြေအနေများကို ကြည့်ရှုပြီး အားပေးစကားပြောကြားသည်။



ထို့နောက် နိုင်ငံတော်မှ ခွဲဝေချထားပေးသော ရန်ပုံငွေဖြင့် ဆေးဝါးများဝယ်ယူကာ လူနာများအား ထောက်ပံ့ပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်မှ ပံ့ပိုးပေးသည့် ရန်ပုံငွေနှင့် လှူဒါန်းရရှိမှုများကို ပြည်သူများထံ အကျိုးရှိစွာ ရောက်ရှိစေရေး အလေးထားဆောင်ရွက်ပေးရန်နှင့် စနစ်တကျ စီမံဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးပြည်သူ့ဆေးရုံကြီး၌ အရေးပေါ်လူနာများ လက်ခံဆောင်ရွက်နေမှု၊ ဆေးဝါးများထုတ်ပေးမှု၊ အရိုးနှင့်ထိခိုက်ဒဏ်ရာရလူနာများ၊ အထွေထွေရောဂါလူနာများအား ကုသပေးနေမှု၊ ငလျင်ဒဏ်ကြောင့် ယာယီရပ်ဆိုင်းခဲ့ရပြီး ကုသရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နေသည့် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါလူနာများအား ကုသပေးနေမှု၊ နှလုံးနှင့်သွေးကြောရောဂါကုဌာနတွင် အထူးစက်များအသုံးပြု၍ ဆေးကုသမှုများ ပြန်လည်ဆောင်ရွက်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုပြီး ထိခိုက်ပျက်စီးသော လူနာဆောင်၊ ဌာနများ ပြန်လည်ပြုပြင်ရန်နှင့် ကုသရေးလုပ်ငန်းများအားလုံး လည်ပတ်ဆောင်ရွက်ရန် ဌာနအလိုက် တာဝန်ခံအထူးကုဆရာဝန်ကြီးများအား ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဆေးတက္ကသိုလ် - မန္တလေး ဇီဝကစာသင်ခန်း၌ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းဒေသကြီးကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မန္တလေးမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ဆေးတက္ကသိုလ်-မန္တလေးနှင့် ဆေးနှင့်နီးနွယ်တက္ကသိုလ်များ၊ သင်တန်းကျောင်းများမှ ပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဌာနအလိုက် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု၊ လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နေမှု၊ ဝန်ထမ်းများ နေထိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အရိုးရောဂါအထူးကုဆေးရုံကြီး-မန္တလေး ဆေးရုံဝင်းအတွင်းရှိ ခြေတုလက်တုနှင့် အားပြုကိရိယာအလုပ်ရုံသို့ သွားရောက်ကာ အင်အားပြင်းထန်သည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိပြီး ခြေလက်ဆုံးရှုံးသူများအား ခြေတုလက်တု တပ်ဆင်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုနှင့် ဧရာဝတီဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းသော ယာယီဆေးကုသဆောင်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ကုသပေးနေမှု အခြေအနေများကို ကြည့်ရှု၍ လူနာများအား အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

»»» စာမျက်နှာ ၃ မှ

ဆုတောင်းပြည့် စေတီတော်သို့ သွားရောက် ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းများ ကပ်လှူပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

**ရေးမူမပျက် ပြုပြင်ဆောင်ရွက်**

ထို့နောက် ဘုရားရင်ပြင်တော်အား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ဂန္ဓကုဋီတိုက်ရှိ အမိုး၊ တိုင်၊ ခုံးနေရာများအား ပိုမိုခိုင်ခံ့အောင် သံချောင်းများ အစားထိုး၍ ရေးမူမပျက် ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဓာတ်လှေကားနှင့် စက်လှေကားများအား အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ပတ္တာကျေးရွာအုပ်စု မြင်စိုင်းရပ်နှင့် အေးမြကြည်လင် ရပ်ကွက်တို့၌ အန္တရာယ်ရှိ အဆောက်အအုံအား စက်ယန္တရားဖြင့် ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ လုပ်ငန်းခွင် အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ် ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ကျောက်ဆည်ခရိုင် အတွင်း ငလျင်ဒဏ်သင့် အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၂၈၆၉ လုံးအား စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နိုင်မည့် အဆောက်အအုံ ၂၆၁၄ လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိ အဆောက်အအုံ ၂၅၅ လုံးမှ အဆောက်အအုံ ၁၈၃ လုံး ရှင်းလင်း ဆောင်ရွက်နိုင်ခဲ့ကာ ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၇၂ လုံး ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း မိုင်(၃၅၄/၃-၃၅၄/၄)အတွင်းရှိ ယုဇနတံတား ထိခိုက်ပျက်စီးမှုများအား ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကာ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေးနှင့် ယာဉ်များ ပိတ်ဆို့မှုမဖြစ်စေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**နေ့ဆွမ်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ရွှေသာလျောင်းတောင်ပေါ်ရှိ ငြိမ်းချမ်းရေးကျောင်းတိုက်သို့ သွားရောက်၍ အပျက်အစီးများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်၍ နေ့ဆွမ်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ကျောက်ဆည်မြို့ စုကြီးရပ် ရွှေမုဋ္ဌောဘုရား၌ စည်ပင်သာယာရေး အဖွဲ့များ၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ ဆည်/မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အင်ဂျင်နီယာကောင်စီမှ အင်ဂျင်နီယာများဖြင့် အစည်းအဝေး ပြုလုပ်ခဲ့ပြီး ငလျင်ဒဏ် ၈ မဂ္ဂနီကျူ ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုရန် အတွက် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ SOP ရေးဆွဲခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ကျောက်သေတ္တာကြီး Geophysical Survey(ဘူမိဗေဒ တိုင်းတာခြင်း)ဆောင်ရွက်ခြင်း၊ Topo Graph Survey (မြေမျက်နှာပြင် အနိမ့်အမြင့်တိုင်းတာခြင်း) ဆောင်ရွက်ခြင်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ မြေပြင်ကွင်းဆင်း တိုင်းတာမှုအနေဖြင့် လျှပ်စစ်လွှတ်ရန် ဆက်သွယ်ကြိုးသွယ်တန်းခြင်း၊ ကျောက်သား/မြေသားအတွင်းသို့ Steel Electrode(စတီးသံချောင်းများ) ရိုက်သွင်းခြင်း၊ ဆက်သွယ်ကြိုးနှင့် Steel Electrode များအား ကလစ်ဖြင့် ချိတ်ဆက်ခြင်း၊ တိုင်းတာရေးစက်ဖြင့် လျှပ်စစ်လွှတ်၍ တိုင်းတာခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး မြေပြင်တိုင်းတာမှုပြီးစီးပါက တွက်ချက်မှုများ ဆက်လက်လုပ်ဆောင်၍ ရရှိလာသော အဖြေများကို အင်ဂျင်နီယာကောင်စီသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မေ ၂၈ ရက်မှ မေ ၃ ရက်အတွင်း နေရာကွက်၍ မိုးကြီးနိုင်


နေပြည်တော် ဧပြီ ၂၇

ယနေ့ မြန်မာစံတော်ချိန် ၁၇:၃၀ နာရီ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေစွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့် လည်းကောင်း ဧပြီ ၂၈ ရက်မှ မေ ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။


**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ


၂၈-၄-၂၀၂၅ ရက်နေ့မှ ၂၉-၄-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၃၀-၄-၂၀၂၅ ရက်နေ့မှ ၁-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၂-၅-၂၀၂၅ ရက်နေ့မှ ၃-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




# ၂၀၂၅ ခုနှစ် မိုးရာသီကာလအတွက် ယေဘုယျခန့်မှန်းချက်

နေပြည်တော် ဧပြီ ၂၇

**အနောက်တောင်မုတ်သုံလေ ဝင်ရောက်ခြင်း၊ ဆုတ်ခွာခြင်းအခြေအနေ**

အနောက်တောင်မုတ်သုံလေသည် ၂၀၂၅ ခုနှစ် ဇွန် ၁ ရက်မှ ၅ ရက် (မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် နယုန်လဆန်း ၆ ရက်နေ့မှ ၁၀ ရက် နေ့)အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ဖွယ်ရာရှိပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမရက်သတ္တပတ် (မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် သီတင်းကျွတ်လဆန်းခန့်)တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားဖွယ်ရာ ရှိပါသည်။

**မိုးဦးကာလ ခန့်မှန်းချက်**

မိုးဦးကာလသည် ၂၀၂၅ ခုနှစ် မြန်မာနိုင်ငံအတွင်းသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်သည့်နေ့မှ ဇွန်လကုန်အထိ ဖြစ်ပါသည်။ မိုးဦးကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။ မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးဦးကာလ မေလနှင့် ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ မြစ်သာမြစ်၊ စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ သောင်ရင်းမြစ်၊ ငဝန်မြစ်၊ တိုးမြစ်နှင့် ဘီးလင်းမြစ်တို့တစ်လျှောက်ရှိမြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။

**မိုးလယ်ကာလ ခန့်မှန်းချက်**

မိုးလယ်ကာလသည် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ဩဂုတ်လကုန်အထိ ဖြစ်သည်။ မိုးလယ်ကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးလယ်ကာလ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင်တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင်တစ်ကြိမ်ခန့်စီ၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင်တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

**မိုးနှောင်းကာလ ခန့်မှန်းချက်**

မိုးနှောင်းကာလသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားသည့်နေ့အထိဖြစ်ပါသည်။ မိုးနှောင်းကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်ရှိနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးနှောင်းကာလ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ မြစ်သားမြစ်ရေသည် ကလေးမြို့တွင် တစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ကြိမ်ခန့်စီနှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန် ရောက်ရှိနိုင်သည်။

## ၂၀၂၅ ခုနှစ် မိုးဦးကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**၂၀၂၅ခုနှစ် မိုးဦးကာလသတ်မှတ်ခြင်း**

၂၀၂၅ ခုနှစ် မိုးဦးကာလသည် မြန်မာနိုင်ငံအတွင်းသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်သည့် နေ့မှ ၂၀၂၅ ခုနှစ် ဇွန်လကုန်အထိဖြစ်သည်။

**၂၀၂၅ ခုနှစ် မုတ်သုံလေ ဝင်ရောက်နိုင်မှုအခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်သို့ အောက်ပါအတိုင်း ဝင်ရောက်ဖွယ်ရာရှိပါသည်-

(က) မေလ ၁၆ ရက်နေ့မှ ၂၀ ရက်နေ့အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၊

(ခ) မေလ ၂၁ ရက်နေ့မှ ၂၅ ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်ဒေသများ၊

(ဂ) မေလ ၂၆ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့်

(ဃ) ဇွန်လ ၁ ရက်နေ့မှ ၅ ရက်နေ့အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၊

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

မိုးဦးကာလ မေလနှင့် ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ မြစ်သာမြစ်၊ စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ သောင်ရင်းမြစ်၊ ငဝန်မြစ်၊ တိုးမြစ်နှင့် ဘီးလင်းမြစ်တို့တစ်လျှောက်ရှိမြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။

မိုး/ဇလ

# မြန်မာ့ရိုးရာ ကြေးသွန်းပညာ ကြေးရည်ကျိုရာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီ၊ ခတ္တန်းရပ်၊ ကြေးသွန်းရပ်၊ ပန်းတဉ်းတန်းရပ် အစရှိသော ရပ်ကွက်ကြီးငယ်တို့တွင် အမရပူရခေတ်မှ မြန်မာမှုရိုးရာ ပန်းဆယ်ဖြာ လက်မှုပညာရှင်အများစုတို့သည် ရတနာပုံခေတ် မင်းတုန်းမင်းတရားကြီး၏ မန္တလေးမြို့တည်ထောင်ပြီးသည့်အချိန် မြို့ပြောင်းရွှေ့ရာတွင် ယနေ့ တမ္ပဝတီရပ်ကွက်ကြီးတွင် ပြောင်းရွှေ့၍ ပန်းတဉ်းပညာဖြစ်သော ကြေးသွန်း၊ ကြေးခတ်လုပ်ငန်းများကို လုပ်ကိုင်ကာ မြန်မာ့လက်မှုပညာများဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုခဲ့ကြပါသည်။

မိရိုးဖလာ ကြေးသွန်းလုပ်ငန်းလုပ်ကိုင်ခဲ့ကြသော ဘိုးဘွားမိဘများထံမှ ကြေးသွန်းပညာကို ရရှိခဲ့သော စာရေးသူ အပါအဝင် ကြေးသွန်း၊ ကြေးခတ်လုပ်ကိုင်နေကြသော အပေါင်းအသင်းရောင်းရင်းမိတ်ဆွေများတို့သည် တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးကြပြီး အပြန်အလှန်ဖေးမကူညီမှုများ ပြုနေကြသဖြင့် များစွာကျေးဇူးတင်မိပါသည်။

ဘိုးဘွားမိဘများပေးသွားသော ပေ ၁၃၀ ပတ်လည် ခြံဝင်းကျယ်ကြီးထဲတွင် ယနေ့ နံနက်ခင်းဝယ် ကြေးသွန်းခြင်းသို့ရပ်တုကြီး သွန်းလောင်းတော့မှာဖြစ်၍ လူစုံတက်စုံရောက်နေကြသည်။ ကြေးသွန်းလောင်းမည့်နေ့တွင် ကြေးအရည်ကျိုပေးကြမည့်အဖွဲ့များ၊ ကြေးသွန်းလုပ်သားများ ဝိုင်းဝန်းကူညီကြမည့် ဘဝတူ၊ လုပ်ငန်းတူ မိတ်ဆွေလုပ်ဖော်ကိုင်ဖက် ကြေးသွန်းပညာရှင်များအားလုံးစုစုပေါင်းလူဦးရေ ၅၀ ကျော်မျှ ရောက်ရှိနေကြသည်။ လက်ဖက်ရည်နှင့်မုန့်များ စားသောက်ကြပြီး ခင်မင်ရင်းနှီးစွာနှုတ်ဆက်စကားပြောကြကာ သူ့အဖွဲ့နှင့်သူ တာဝန်များခွဲဝေယူကြပြီး အသီးသီး ဝိုင်းဝန်းကူညီစောင့်ရှောက်ဆောင်ရွက်ပေးကြပါတော့မည်။

ကြေးသွန်းပညာရပ်တွင် ကြေးသွန်းလောင်းမည့်နေ့သည် အရေးကြီးဆုံးနေ့ဖြစ်ရာ အပင်ပန်းဆုံး၊ အခက်ခဲဆုံး၊ အားသွန်ခွန်စိုက်၊ ဝါယမစိုက်ထုတ်ကာ ကြိုးစားဆောင်ရွက်ကြရသည်။ ဝါရင့်ကြေးသွန်းပညာရှင်များ၏ အကြံဉာဏ်ပေးမှု၊ ညွှန်ကြားမှု၊ ခိုင်းစေမှုများကို နာခံကြကာ ကြေးသွန်းလုပ်သားလူငယ်များတို့သည် မခိုမကပ် တာဝန်ကျေပွန်စွာ အစစအရာရာ လိုအပ်ချက်မရှိအောင် ကြိုးစားလုပ်ဆောင်နေကြရပါသည်။

အမှန်တကယ်လည်း ကြေးရည်သွန်းလောင်းချိန်သည် လုပ်ငန်းသဘောအရ တခြားသော အချိန်များနှင့် မတူညီပါ။ သတိတစ်ချက်ပေါ့ဆလိုက်ပါက လုပ်ငန်းမအောင်မြင်လျှင် ဆုံးရှုံးမှုမှာ သိန်းပေါင်းရာထောင်ချီသော ငွေကြေးဥစ္စာပစ္စည်း၊ လုပ်အားခ၊ အချိန်ကာလ၊ အတတ်ပညာ အရင်းအနှီးများလှသည်ဖြစ်ရာ ပင်ပန်းဆင်းရဲမှုကို အတူတကွ မျှဝေခံစားကြရပြီး ကြေးရည်သွန်းလောင်းမှု အောင်မြင်စေရအောင် အအိပ်ပျက် အစားပျက်သည့်ကြားမှ ဝိုင်းဝန်းလုပ်ဆောင်နေကြရသည်ဖြစ်ရာ မြင်ရသူများအဖို့ စိတ်မောဖွယ်ရာ ဖြစ်ကြရပေသည်။

ဆရာဖြစ်သူက တပည့်တပန်းများကို ညွှန်ကြားမှုပေးနေရာတွင် အားလုံးအာရုံစိုက်၍ နားထောင်နေကြသည်။

'ကြေးနီ၊ ကြေးဝါ၊ ဇင့်တွေချိန်တွယ်ပြီးကြပြီလား၊ ငါးဖိုစာနော်၊ ကြေးရည်ကျိုအဖွဲ့တွေနားကို ပို့ထားကြတော့၊ အချိန်အတွယ် စာရင်းတွေ မမှားပေ့စေနဲ့၊ နောက်နာရီဝက်နေရင် ကြေးစတင်ကျိုတော့မယ်။ စန်းညွန့်ဦး ငါ့ဆီ စာရင်းစာရွက်ယူလာခဲ့ဦး၊ ငါကြည့်မယ်၊ ပိဿာချိန်လွဲလို့၊ မှားလို့မရဘူး။'

'ဟုတ်ကဲ့ဆရာကြီး ကြေးတွေချိန်ပြီးပါပြီ။ စာရင်းလည်း မှတ်ပြီးပါပြီ။ အဖွဲ့တစ်ကို တစ်ပုံ၊ အဖွဲ့နှစ်ကို တစ်ပုံ ပို့နေကြပါပြီ။ စက်ဖိုအဖွဲ့က ကြေးပိဿာချိန် သုံးရာ ကျိုရမှာပါ။ စုစုပေါင်း ကြေးဇင့်အချိန် ငါးရာကျော်ပါ။'

'အေး…ဟုတ်တယ်။ စိန်ပန်းကြေးရည်ကျိုစက်အဖွဲ့က ရွှေတိုးကို ပြောလိုက် သူတို့အဖွဲ့က ကြေးပိဿာချိန် များတယ်။ တစ်ဖိုပြီး တစ်ဖိုလောင်းမှာ။ စက်ဖိုအဖွဲ့က နောက်ဆုံးမှာ လောင်းရမှာ။ တိုင်ပင်ကိုက်ချိန်ထားလို့ မီးသွေးအိတ်တွေရော ပို့ပြီးတော့ မှာထား၊ သယ်ထားကြ အားလုံးအဆင်သင့်ဖြစ်အောင်လုပ်ထားကြ။ မီးစတင်ပွားကြဖို့ ပြောကြတော့ ကြေးရည်စတင်ကျိုပြီဆိုတာနဲ့ ပုံကိုခဲဆွဲဖို့ အဆင်သင့်လုပ်ကြ၊ တွန်းခုံနဲ့ ပေါက်ပြား ညှပ်ကြီးတွေ ရှာထားကြ။'

'ဟုတ်ကဲ့ အာစရိ'

'သြော်… ဟေ့လူတွေ ကြေးကျိုတဲ့အခါ ကြေးတွေ၊ ဇင့်တွေက မီးတောက်၊ မီးလျှံ၊ မီးခိုးတွေထွက်လိမ့်မယ်။ တမ္ပဝတီ အရန်မီးသတ်တပ်ဖွဲ့ကို အကြောင်းကြားကြဦး။ ကိုယ့်ဘက်က တာဝန်ကိုသိရင် ကောင်းတယ်။ ရေ၊ မီး၊ သဲအိတ်တွေ ပြည့်စုံတယ်နော်။ အမှားအယွင်းမရှိအောင်လုပ်ကြ။ ကြေးသွန်းပြီးရင် မင်းတို့အတွက် အောင်ပွဲ၏ အောင်ပွဲပေါ့ကွာ။ အထူးစပါယ်ရှယ် ငါစီစဉ်ထားတယ်။ ခုနစ်ပေအရွယ်ရှိ ရုပ်တုရုပ်လုံးကြေးသွန်းနိုင်ရန် မြေအုံမံထားသော ပုံကို မီးအပူပေးရသည်။ အောက်မှအပေါ်သို့ အုတ်ခဲချပ်များ ဝိုက်ပတ်စီ၍ အတွင်းထဲမှာ ထင်းမီးအပူပေးရသည်ကို ပုံတိုက်သည်ဟု ခေါ်သည်။ ကြေးအရည်ကျို ပုံသွင်းတော့မည်ဆိုပါက ခဲများကို ဖယ်ရှားရှင်းလင်းကြရသည်။'



'ကျော်တိုး၊ သန်းဝင်း၊ မောင်မျိုး၊ မောင်ငွေ မင်းတို့လူတွေ စုကြတော့၊ ပုံကြီးနားမှာ တွန်းခုံ၊ ပေါက်ပြားနဲ့ အုတ်ခဲဆွဲသူကဆွဲ၊ ညှပ်ကြီးတွေမကြ။ နေရာကျယ်အောင် ရှင်းထား။ ညှပ်နဲ့အဝေးကို ယူသွားကြ။ ရေလောင်းပြီး အုတ်ခဲတွေလည်း အေးအောင်လုပ်ကြ။ ကြေးရည်စတင်ကျိုနိုင်ပြီလို့ အချက်ပေးနှိုးဆော်ကြ ဟုတ်ပြီလား။ (ကြေး စတင်ကျိုနိုင်ပါပြီခင်ဗျာ) မိုက်ကယ်ကြီးက အသားကုန်အော်ပြောပေးရသည်။ ထို့နောက်တွင် ဟေ့… ဟိုနှစ်ယောက် မောင်ဒုန်းနဲ့ကျော်ကြီး မြေနီနယ်ထား၊ မြေနီသရွတ်ဖျော်ပြီးပြီလား။ တွတ်ပီရော ဒုံးစုတ်၊ ဒုံးတုတ် ခုတ်ပြီးပြီလား။ ပြီးရင် ခဲဆွဲတဲ့နားသွား။ ရေသာမခိုနဲ့နော်။

(ဒုံးစုတ်ခုတ်ဖို့ ဂုန်နီအိတ်အဟောင်းတွေ လိုက်ရှာနေတာပါ။ လက်သုတ်ပဝါအရွယ်တွေ အခု နှစ်ဆယ်ရှိပါတယ်။)

မောင်မျိုးနဲ့ကျော်သူရ အုတ်ခဲအပူတွေကို အေးသွားအောင် ရေနဲ့လောင်းထားကြ။ ရေကန်ထဲမှာရော ရေအပြည့်ရှိရဲ့လား သွားကြည့်။ အောင်သောင်း မီးသွေးလိုသေးလား။ ဖိုတွေမှာ လိုက်ကြည့်။ ကြေးရည်ကျိုအဖွဲ့တွေကို မေးကြ။ ပြီးတော့ ရေနံချေးနဲ့ ရေနံကွင်း အရေးကြီးတယ်။ လုပ်ထားဖို့ မမေ့နဲ့။ တစ်လက်စတည်း မင်းတို့ ဆရာတော်ကို သွားပြောချေဦး။ ကန်တော့ပွဲထဲမှာ ငှက်ပျော၊ အမွှေးတိုင်၊ လက်ဖက်၊ ကွမ်းယာ၊ ဆေးလိပ်အစုံပါရဲ့လားလို့။

ဆရာဖြစ်သူမှာ တပည့်တပန်းများကို ပြောစရာရှိတာ၊ စီစဉ်စရာရှိတာ အသေးစိတ်ပြောကြားပြီးပြီမို့ ခေတ္တအနားယူနေပါသည်။ ကန်တော့ပွဲပေးရခြင်းမှာ ရိုးရာနတ်များကို အရိုအသေပြုရခြင်းဖြစ်သည်။ အထူးသဖြင့်တော့ ပုဂံခေတ်ကတည်းက ဖော်ဂျီဖိုစတင် အသုံးပြု၍ ပန်းပဲလုပ်ငန်းလုပ်ကိုင်ခဲ့သော ပန်းပဲ ဦးတင့်တယ်(ခ)မင်းမဟာဂီရိနတ်ကို တိုင်တည်ဆုတောင်းပသရခြင်းဖြစ်ပေသည်။



မကြာမီမှာ ကြေးရည်စတင်ကျိုကြပြီဖြစ်ရာ မီးခိုးလုံးများအထက်သို့ လွင့်ပျံတက်နေသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကောင်းစွာမမြင်ကြရ။ ကြေးကျိုအဖွဲ့များမှ ဖိုထိုးသည့်အသံ၊ ကြေးကျိုလုံအိုးထဲသို့ ကြေးတုံး၊ ကြေးစများ ထည့်သံ၊ လူသံ၊ ဆူသံ အော်ဟစ်သံတွေ ညံနေပေတော့သည်။ စက်ဖိုအဖွဲ့မှ အင်ဂျင်စက်သံကလည်း ဆူညံလွန်းလှသည်။ ဖော်ဂျီဖိုကြီးများဖြင့် ကြေးရည်ကျိုကြသည့်အဖွဲ့ကို လက်ထိုးဖိုအဖွဲ့ဟု ခေါ်သည်။ မော်တာအင်ဂျင်စက်အသုံးပြု၍ ကြေးရည်ကျိုသောအဖွဲ့ကို စက်ဖိုအဖွဲ့ဟု ခေါ်သည်။ လက်ဖိုအဖွဲ့အသုံးပြုသော ဖော်ဂျီဖိုဆိုသည်မှာ ဖိုထိုးကြသူများ တစ်ယောက် ၁၀ မိနစ်နှုန်းနှင့် လူသုံးယောက်၊ တစ်ယောက်ပြီး တစ်ယောက် အလှည့်ကျထိုးရသည်။ လက်ဖိုအဖွဲ့ကြေးရည်ကျိုဖို့ လူငါးယောက်ရှိရသည်။ လက်ဖိုတစ်ဖွဲ့လျှင် ကြေးချိန် ပိဿာ ၅၀ ကျော် ကျိုပေးနိုင်သည်။ စက်ဖိုအဖွဲ့ကို ကြေးချိန် ၃၀၀ ပိဿာ အရည်ကျိုပေးဖို့ တာဝန်ပေးထားသည်။ စုစုပေါင်း ယနေ့သွန်းလောင်းမည့် ရုပ်လုံးသည် ကြေးပိဿာချိန်ပေါင်း ၅၀၀ ကျော် သွန်းလောင်းရမည်ဖြစ်ရာ ကြေးသွန်းလုပ်ငန်းအတွက်မှု အထည်ကြီးသည်ဟု ပြောနိုင်ပေသည်။ သည့်ထက်မက အရွယ်အစားကြီးမားလေလေ ထမ်းဆောင်ရသည့်တာဝန်ပိုမိုကြီးမား များပြားလေ ဖြစ်သည်။ ကြေးသွန်းပညာရှင်များ(သို့မဟုတ်)ကြေးလုပ်ငန်း လောကသားတို့သည် ဤကဲ့သို့သောနေ့မျိုးတွင် စိတ်မော ကိုယ်မောဖြစ်ကြရသဖြင့် အသက်တမျှ အရေးကြီးသည့်နေ့ဖြစ်သည်။ ကြေးရည်ကျိုမှုကောင်းမှသာ ကြေးရည်သွက်၍ ကြေးရည်လျှင်ပေမည်။ သို့မှသာ ကြေးသွန်းလောင်းထည့်ရမည့် ကြေးရုပ်လုံးပုံစံထဲသို့ ကြေးရည်များ အဆက်မပြတ်သွန်းလောင်းထည့်နိုင်မည်ဖြစ်သည်။ ကြေးသွန်း လုပ်ငန်းအတွက် အချက်အချာကျသော အဓိကကြေးရည်ကျိုခြင်းကို ဖတ်ရှုလေ့လာပြီးနောက် ကြေးသွန်းလောင်းချိန်မြင်ကွင်းကိုလည်း ဗဟုသုတအဖြစ် ရေးသားတင်ပြဖို့ ကျန်ပါသေးသည်။ သို့မှသာ လုပ်ငန်းသဘောကို ပိုမိုသိရှိနားလည်နိုင်ကြပေလိမ့်မည် ဖြစ်သည်။

ဦးနေဝင်း
ဗန္ဓုလ(ကြေးသွန်း)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Creation of the Gods 1: Kingdom of Storms မှာ ရှားပါးရာဇဝင်ဇာတ်ကားဖြစ်

တရုတ်စိတ်ကူးယဉ်ဇာတ်ကားများတွင် ရှားပါးသည့် ရာဇဝင်ဇာတ်ကားအဖြစ် Creation of the Gods 1: Kingdom of Storms ကို ဖန်တီးရိုက်ကူးထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်လမ်းမှာ Investiture of the Gods ဝတ္ထုကို အခြေခံထားပြီး Shang မင်းဆက်ကာလကို အခြေတည်ထားပြီး ဇာတ်ကောင်များစွာနှင့် ဖန်တီးထားသည်။

ဘုရင် zhou က မြေခွေးနတ်ဆိုးနှင့်ပူးပေါင်း၍ ဧကရာဇ်ကို သတ်ကာ အာဏာသိမ်းခဲ့၍ ကောင်းကင်၏ အမျက်ဒေါသကို ခံရသဖြင့် နတ်ဘုရားများက လူသားများကို ကယ်တင်ရန် ရောက်လာချိန် အာဏာမက်သောဘုရင်က မှော်ဆရာနှင့်ပူးပေါင်းရာမှ ဘုရင့်သားတော်က တားမြစ်ရန်ဖြစ်လာပုံကို တစ်ဦးချင်းစီ၏ ကာရိုက်တာကို စိတ်ဝင်စားဖွယ် ပုံဖော်ရိုက်ကူးထားသည်။

ပထမပိုင်းတွင် စစ်ပွဲမှ ပြန်လာသည့်ဘီလူးကြီးများနှင့် အဆုံးသတ်ထား၍ အပိုင်းနှစ်အတွက် စိတ်ဝင်စားဖွယ်ဖြစ်အောင် လုပ်ပေးထားသည်။ (SKY)

## T.O.P ၏ Squid Game 2 မှ ရက်ပ်သီချင်း နိုင်ငံတကာ ပရိသတ်ကြား ရေပန်းစားခဲ့

ဘစ်ဘန်းအဖွဲ့ဝင်ဟောင်း တော့ပ်(ခေါ်)ချိုင်ဆောင်ဟွမ်က Squid Game 2 တွင် Thanos ဇာတ်ရုပ်နှင့်ပါဝင်ခဲ့ပြီး သူ၏ ရက်ပ်သီချင်း round and round dance မှာ နိုင်ငံတကာပရိသတ်ကြား ရေပန်းစားခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ပါဝင်သည်။

အဆိုပါဇာတ်လမ်းတွဲနှင့်ပတ်သက်၍ တော့ပ်နှင့် အင်တာဗျူးတွင် အလှုပ်ဇာတ်ကောင်အဖြစ် ပါဝင်ခဲ့ရခြင်းမှာ ဒါရိုက်တာ ဟွမ်ဒေါင်ဟွတ်၏ ဖန်တီးမှုဖြစ်ပြီး ဟာသနှင့် တွဲဖက်ဖန်တီးထားသဖြင့် ရယ်စရာ meme များစွာရရှိခဲ့ကြောင်း ပြောကြားထား၍ မကြာမီ သီချင်းသစ်ထွက်ရှိမည်ဟု ဆိုသည်။

တော့ပ်က ဘစ်ဘန်းအဖွဲ့ဝင်အဖြစ် နုတ်ထွက်ခဲ့ရခြင်းအကြောင်းရင်းနှင့်အတူ အဖွဲ့ဝင်များကို သတိတရရှိနေပြီး လက်ရှိ အဖွဲ့ဝင်သုံးဦးဖြစ်ကြသည့် ဂျီဒရယ်ဂွန်၊ တေယောင်နှင့် ဒယ်ဆောင်းတို့ အောင်မြင်မှုကို ပီတိဖြစ်ခဲ့ရသည်ဟု ထပ်မံပြောကြားခဲ့သည်။ (SKY)






## လူငယ်အမျိုးသားများ၏ ဆဲလ်လုပ်ငန်းစဉ်များအပေါ် ရေအေးနှင့် ထိတွေ့မှုက အကျိုးသက်ရောက်မှုရှိ

အမေရိကန်ပြည်ထောင်စု အိုတာဝါတက္ကသိုလ်မှ သုတေသီများ၏ လေ့လာမှုအသစ်တစ်ခုအရ ရေအေးနှင့်ထိတွေ့မှုက လူငယ်အမျိုးသားများ၏ ဆဲလ်လုပ်ငန်းစဉ်များအပေါ် မည်သို့ သက်ရောက်မှုရှိကြောင်း မကြာသေးမီက ဖော်ထုတ်နိုင်ခဲ့သည်။

အထူးသဖြင့် ထိုလေ့လာမှုတွင် ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်ကျန်းမာရေးကို ထိန်းသိမ်းပေးသည့် ပြန်လည်အသုံးချစနစ်နှင့် ပျက်စီးနေသောဆဲလ်များကို ထိန်းချုပ်ဖယ်ရှားခြင်းတို့အကြောင်း လေ့လာခဲ့သည်။

ပါမောက္ခဂလင်ကင်နီ ဦးဆောင်ကြီးကြပ်သည့် အဆိုပါ လေ့လာမှုတွင် ကျန်းမာသော လူငယ်အမျိုးသား ၁၀ ဦး ပါဝင်ခဲ့သည်။


၎င်းတို့ကို ၁၄ ဒီဂရီဆဲလ်ဆီးယပ်စ်အပူချိန်ရှိသည့် အေးမြသောရေထဲတွင် တစ်နေ့လျှင် တစ်နာရီစီ၊ ခုနှစ်ရက်ကြာ စိမ်စေခဲ့ရာမှ ဆဲလ်အပြောင်းအလဲများရှိသည်ကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။ (SCI)

## Lee Soo Hyuk အပါအဝင် အနုပညာရှင်များစွာ၏ YG Stage Agency ဖျက်သိမ်းတော့မည်

ဝိုင်ဂျီအင်တာတိန်းမင့်သည် အဓိကလုပ်ငန်းဖြစ်သည့် ဂီတအပိုင်းကို အာရုံစိုက်နိုင်ရန် လုပ်ငန်းဖွဲ့စည်းပုံ ပြန်လည်ပြုလုပ်မည်ဖြစ်၍ YG Stage Agency ကို ဖျက်သိမ်းတော့မည်ဖြစ်ပြီး လီဆူဟွတ် အပါအဝင် အနုပညာရှင်များစွာပါရှိကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါအေဂျင်စီနှင့် လက်တွဲထားသည့် အနုပညာရှင်များတွင် ကင်ဟီအေ၊ ချာဆောင်ဝမ်၊ ဂျောင်ဟွမ်ဆောင်၊ လီဆူဟွတ်၊ ဂေါင်ဆူဂျင်း၊ ဟန်ဆောင်ယွန်၊ ယွန်အာအင်း၊ ဂျောင်ဟေယောင်၊ ယူဆောင်းဟို၊ ဆန်နာအွန်းစသည့် အနုပညာရှင်များစွာပါဝင်ပြီး စာချုပ်သက်တမ်းကုန်ဆုံးသည်အထိသာ လက်တွဲသွားမည်ဖြစ်သည်။ သရုပ်ဆောင် လီဆူဟွတ်မှာ ဂျီဒရယ်ဂွန်နှင့် ရင်းနှီးသောသူငယ်ချင်းဖြစ်ပြီး တစ်နှစ်ထဲဖွား အနုပညာရှင်များလည်း ဖြစ်ကြသည်။ (SKY)






## Chhaava ရုပ်ရှင်မှာ ရာဇဝင်ဇာတ်ကားဖြစ်ပြီး မရာထာဝတ္ထုကို ရိုက်ကူးထား

ဘောလိဝုဒ် ၁၉၉၀ ခေတ် မင်းသား အရှေးခန်နာနှင့်အတူ ဗစ်ကီနှင့် ရာရှ်မီကာတို့ပါဝင်ထားသည့် Chhaava မှာ မရာထာဝတ္ထုကို ပြန်လည်ရိုက်ကူးထားကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မင်းသမီး ရာရှ်မီကာသည် Animal ရုပ်ရှင်နှင့် ၂၀၂၃ ခုနှစ် တွင် ဝင်ငွေများစွာရရှိခဲ့ပြီး Pushpa 2 နှင့် ၂၀၂၄ ခုနှစ်တွင်လည်း အောင်မြင်ခဲ့သူဖြစ်သည်။

၂၀၂၅ ခုနှစ်တွင် စလေမန်ခန်းနှင့် တစ်ကား၊ ဗစ်ကီနှင့် Chhaava တို့ ရိုက်ကူးထားကာ မရာထာပြည်၏ဘုရင်နှင့် မိဖုရားအဖြစ် သရုပ်ဆောင်ထားသည်။

ယင်းရုပ်ရှင်ကို ဖေဖော်ဝါရီ ၁၄ ရက်က ရုံတင်ပြသခဲ့ကာ ပရိသတ်အားပေးမှု တစ်ခဲနက်ရရှိထားပြီး ရာရှ်မီကာမှာ တောက်ပသော ကြယ်တစ်ပွင့်ဖြစ်ခဲ့သည်။ (SKY)

## Jackie Chan ၏ Armour of God ရိုက်ကွင်းနောက်ကွယ်မှ အမှတ်တရရှိ




ဟောင်ကောင်အက်ရှင်မင်းသား ဂျက်ကီချန်း၏ ရုပ်ရှင် Armour of God ရိုက်ကွင်းနှင့်ပတ်သက်၍ ယူဂိုစလားဗီးယားတွင် တစ်သက်တာအမှတ်တရရှိခဲ့ကြောင်း သူ၏စာအုပ်တွင် ဖော်ပြထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ကို ယူဂိုစလားဗီးယားမြို့တွင် မိနစ် ၄၀ တားဆီးရသည့် စွန့်ပစ်ဈေးတွင် ရိုက်ကူးခဲ့ကြရာမှ အက်ရှင်ခန်း မပီပြင်၍ သုံးခါမြောက်တွင် ဂျက်ကီချန်းပြုတ်ကျခဲ့ပြီး ဖခင်နှင့်လုပ်ဖော်ကိုင်ဖက်များ ပျာယာခတ်ခဲ့ကြရသည်။ ဦးနှောက်ထဲ ဦးခေါင်းခွံ ကျုံဝင်သွားခြင်း ဖြစ်သည်။ ရိုက်ကွင်းမှ ကားလမ်းကြမ်းကိုကျော်၍ အနီးဆုံးဆေးရုံပို့ရာ နာရီဝက်ကြာ ဂျက်ကီချန်း တောင့်ခံခဲ့ပြီး မနက်ဂျာက ဥရောပအကောင်းဆုံးဦးနှောက်ဆရာဝန်ကိုဆက်သွယ်သော်လည်း အချိန်မမီ၍ ပြင်သစ်ဆရာဝန်နှင့်ခွဲရန်ပြောခဲ့ရာမှ စုတ်ပြတ်နေသောဆေးရုံတွင် နောက်ဆုံးပေါ်စက်များနှင့် ပြင်သစ်ဆရာဝန် ဒေါက်တာပီတာဆန်က ကြည့်ပေးနေခြင်းဖြစ်၍ ခွဲစိတ်ခဲ့ကြသည်။

သုံးပတ်အကြာတွင် ဂျက်ကီချန်းက ယင်းအက်ရှင်ခန်းကို ပြန်လည်ရိုက်ကူးခဲ့သည်ဟူ၍ သိရသည်။ (SKY)

## Yeom Hye-ran ၏ သရုပ်ဆောင်မှုကို When Life Gives You Tangerines တွင် မြင်တွေ့ရ

ဇာတ်ပို့သရုပ်ဆောင် ယမ်ဟေရမ်သည် ဇာတ်ရုပ်ကို ကြွတက်လာအောင် သရုပ်ဆောင်ကောင်းခဲ့သူဖြစ်၍ When Life Gives You Tangerines တွင် ပရိသတ်အကြိုက် တွေ့ခဲ့ကြသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ယမန်နှစ်က Mask Girl နှင့် ဆုပေးပွဲများတွင် ဆုပေါင်းများစွာရရှိထားသူဖြစ်ပြီး ယခုဇာတ်ကားတွင်လည်း အပိုင်းတစ်နှင့်ပင် သူ၏သရုပ်ဆောင်မှုမှာ ဇာတ်ရုပ်ကြွတက်လာ၍ ယမ်ဟေရမ်သည် ယခုနှစ်တွင်လည်း ထပ်မံဆုများရရှိလာဦးမည်ဟု မှတ်ချက်ပေးထားကြသည်။ (SKY)



# ဟွာချန်းတောင်ကြားတံတား၏ အဓိကဆိုင်းကြိုးများကို ခံနိုင်ရည်ရှိအောင် အထူးမွမ်းမံမှုများ ပြုလုပ်နေ



**ပေကျင်း ဧပြီ ၂၇**

ကြီးကျယ်ခမ်းနားသော ဟွာချန်းတောင်ကြားတံတား၏ အဓိကဆိုင်းကြိုးများကို မီးဒဏ်နှင့် ချေးတက်ခြင်းဒဏ်ကို ခံနိုင်ရည်ရှိအောင် အထူးမွမ်းမံမှုများ ပြုလုပ်နေပြီး ထိုနည်းပညာသည် ၁၁၀၀ ဒီဂရီစင်တီဂရိတ်အထိ အပူချိန်ကို တစ်နာရီကြာ ခံနိုင်ရည်ရှိကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

၂၃၇၈ မီတာရှည်လျားသော အဆိုပါတံတား၏ အဓိကဆိုင်းကြိုးများသည် တံတား၏ အလေးချိန်ကိုထမ်းပိုးရန် အရေးကြီးသော အစိတ်အပိုင်းများဖြစ်သည်။ သို့သော် တပ်ဆင်ပြီးပါက ၎င်းသံမဏိကြိုးများကို အပြည့်အဝ ပြန်လည်တည်ဆောက်ခြင်းမရှိဘဲ၊ အစားထိုးရန် သို့မဟုတ် ပြုပြင်ရန် လက်တွေ့မဖြစ်နိုင်ဘဲ ထိုအားနည်းချက်ကြောင့် မီးဘေးသည် အထူးစိုးရိမ်စရာ ဖြစ်လာနိုင်သည်။

"မီးလောင်ပါက ကြိုးများ ပြင်းထန်စွာ ပျက်စီးနိုင်သည်" ဟု မီးဘေးကာကွယ်ရေးစီမံကိန်းကို တာဝန်ယူထားသော ဝူဟွီကျွမ်က ရှင်းပြသည်။ "မြင့်မားသော အပူချိန်သည် ကြိုး၏ ဂုဏ်သတ္တိများနှင့် တည်ဆောက်ပုံကို ပြောင်းလဲစေကာ ပြိုကျနိုင်ခြေရှိသည်။"

အလွှာပေါင်းများစွာဖြင့် ပေါင်းစပ်ထားသော ထိုကြိုးများကို ချေးတက်ခြင်းနှင့် အလွန်အမင်းပူပြင်းခြင်းမှ ခံနိုင်ရည်ရှိရန် ဒီဇိုင်းထုတ်ထားသည်။ အဓိကကြိုးတစ်ကြိုးတွင် ၂၁၇ စည်းပါဝင်ပြီး ၎င်းတို့တွင် ၅ ဒသမ ၇ မီလီမီတာ အထူရှိသော သံမဏိကြိုးများ ၉၁ ချောင်း ပါဝင်သည်။

ဧပြီ ၁ ရက်မှ စတင်၍ အလုပ်သမား ၁၀၀ နီးပါးသည် ဤကြီးမားသော တာဝန်ကို ပြီးမြောက်ရန် တံတား၏လမ်းကြောင်းပေါ်တွင် နေ့ညမပြတ် ကြိုးစားလုပ်ကိုင်နေကြောင်း သိရသည်။

Mon



ပုပ်ရဟန်းမင်းကြီးဖရန်စစ်၏ ဈာပနအခမ်းအနားတက်ရောက်ရန်ရောက်လာသော အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့် ယူကရိန်းသမ္မတ ဇေလင်စကီးတို့နှစ်ဦး ယမန်နေ့က အီတလီနိုင်ငံ ဗာတီကန်မြို့တွင် သီးခြားတွေ့ဆုံကာ အနာဂတ်ယူကရိန်းငြိမ်းချမ်းရေး ဆွေးနွေးနေကြစဉ်။ Mon



## ပနားမားနှင့် စူးအက်တူးမြောင်းများမှ အမေရိကန်ရေယာဉ်များကို အခမဲ့ဖြတ်သန်းခွင့်ပြုရန် သမ္မတ ဒေါ်နယ်လ်ထရမ့် တိုက်တွန်း

**ဝါရှင်တန် ဧပြီ ၂၇**

အမေရိကန်စီးပွားရေးနှင့် စစ်ရေယာဉ်များကို ပနားမားနှင့် စူးအက်တူးမြောင်းများမှ အခမဲ့ ဖြတ်သန်းခွင့်ပြုရန် ဧပြီ ၂၆ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က တိုက်တွန်းခဲ့ပြီး ချက်ချင်းတိုးတက်မှုရရှိရန် နိုင်ငံခြားရေးဝန်ကြီးအား တာဝန်ပေးခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်အနေဖြင့် ပနားမားတူးမြောင်းကို ထိန်းချုပ်ရန် လပေါင်းများစွာကြာအောင် တောင်းဆိုနေခဲ့သော ထရမ့်သည် ၎င်း၏လူမှုမီဒီယာပို့စ်တွင် အရေးပါသော စူးအက်လမ်းကြောင်းကိုပါ အာရုံစိုက်လာခဲ့သည်။

"အမေရိကန်သင်္ဘောများ၊ စစ်ရေယာဉ်များနှင့် စီးပွားရေးသင်္ဘောများသည် ပနားမားနှင့် စူးအက်တူးမြောင်းများမှ အခကြေးငွေမယူဘဲ ဖြတ်သန်းခွင့်ရသင့်သည်"ဟု ၎င်း၏ကိုယ်ပိုင်ထရုသ်ဆိုရှယ်လူမှုကွန်ရက် ပလက်ဖောင်းတွင် ရေးသားခဲ့သည်။

အမေရိကန်မရှိပါက ထိုလမ်းကြောင်းနှစ်ခုစလုံး တည်ရှိနိုင်မည်မဟုတ်ဟု ၎င်းက ထောက်ပြကာ ဆက်လက်ဆောင်ရွက်ရန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီရိုအား တာဝန်ပေးခဲ့ခြင်းဖြစ်သည်။

ဥရောပနှင့် အာရှကို ဆက်သွယ်ပေးသည့် အဓိကရေလမ်းကြောင်းဖြစ်သော အီဂျစ်နိုင်ငံ၏ စူးအက်တူးမြောင်းသည် ယီမင်အခြေစိုက် ဟူသီသူပုန်များ၏ ပင်လယ်နီနှင့် အေဒင်ပင်လယ် သင်္ဘောလမ်းကြောင်းများကို တိုက်ခိုက်မှုမတိုင်မီက ကမ္ဘာ့ရေကြောင်းကုန်သွယ်ရေး၏ ၁၀ ရာခိုင်နှုန်းခန့်အတွက် သုံးခဲ့ကြောင်း သိရသည်။

Mon

INTERNATIONAL
NEWS
နိုင်ငံတကာသတင်းများ

## နောက်မျိုးဆက်ကုန်တင်အာကာသယာဉ် ချင်ကျိုးကို ရှန်ဟိုင်းမြို့၌ ပထမဆုံးအကြိမ်အဖြစ် မိတ်ဆက်ပြသ

**ပေကျင်း ဧပြီ ၂၇**

တရုတ်နိုင်ငံ၏ နောက်မျိုးဆက်ကုန်တင်အာကာသယာဉ် ချင်ကျိုးကို တီယန်ကောင်းအာကာသစခန်း အပါအဝင် အာကာသအတွင်း ထောက်ပံ့ပို့ဆောင်ရေးမစ်ရှင်များအတွက် ဒီဇိုင်းထုတ်ထားပြီး ယခုအပတ်အတွင်း ရှန်ဟိုင်း၌ ပထမဆုံးအကြိမ်အဖြစ် မိတ်ဆက်ပြသခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲဆိုင်ရာပြခန်းတွင် လက်ရှိကျင်းပလျက်ရှိသော လေကြောင်းနှင့်အာကာသသိပ္ပံပြပွဲတွင် အာကာသယာဉ်၏ အရွယ်အစားအစစ်ပုံစံကို ပြသခဲ့ခြင်းသည် ယမန်နေ့က ကျရောက်သည့် တရုတ်နိုင်ငံ၏ အာကာသနေ့ အထိမ်းအမှတ် အခမ်းအနား၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။

ထိုချင်ကျိုးအာကာသယာဉ်သည် ယခုနှစ်နှောင်းပိုင်းတွင် ၎င်း၏ ပထမဆုံးခရီးစဉ်ကို စတင်ရန် အသင့်ရှိပြီး လက်ရှိတွင် အာကာသယာဉ်၏ ဒီဇိုင်းနှင့် ပထမအဆင့် စမ်းသပ်မှုအတွက် ဆော့ဖ်ဝဲများကို တည်ဆောက်ရေးအဖွဲ့က နောက်ဆုံးပြင်ဆင်နေကြောင်း သိရသည်။

Mon



## ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံများသို့ ဂျပန်ဝန်ကြီးချုပ် ရှီဂေးရုအိရှိဘ ခရီးထွက်ခွာ

**တိုကျို ဧပြီ ၂၇**

ဂျပန်ဝန်ကြီးချုပ် ရှီဂေးရုအိရှိဘသည် ဧပြီလ ၂၇ ရက်နေ့တွင် ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံများသို့ လေးရက်ကြာ ခရီးထွက်သွားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ အခွန်တိုးမြှင့်မှုကြောင့် ဂျပန်နိုင်ငံဘက်က ဒေသတွင်း ဆက်ဆံရေးများ တိုးတက်အောင် ကြိုးပမ်းနေသည့်အချိန်တွင် ၎င်း ထွက်ခွာသွားခြင်းဖြစ်သည်။

အိရှိဘ၏ ထိုခရီးစဉ်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ တောင်အာရှခရီးစဉ်နောက်ပိုင်း ပေါ်ပေါက်လာခြင်းဖြစ်ပြီး တရုတ်နိုင်ငံက အမေရိကန်အား ယှဉ်ပြိုင်နိုင်မည့် တည်ငြိမ်သော ရွေးချယ်စရာအဖြစ် တည်ဆောက်ရန် ကြိုးပမ်းသည့်သဘောပင် ဖြစ်သည်။

ခရီးမထွက်မီတွင် အိရှိဘက ဗီယက်နမ်နှင့် ဖိလစ်ပိုင်အပါအဝင် တောင်အာရှဒေသကို ကမ္ဘာ့စီးပွားရေးကို ဦးဆောင်နေသည့် "တိုးတက်မှုအလယ်ဗဟို" ဟု ခေါ်ဆိုခဲ့သည်။ သို့သော် ထရမ့်၏ အခွန်တိုးမြှင့်မှုကြောင့် "အရေးကြီးသော သက်ရောက်မှုများ" ကို ရင်ဆိုင်နေရပြီး ဒေသတွင်းရှိ ဂျပန်လုပ်ငန်းများလည်း ထိခိုက်နိုင်သည်ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

Mon

STOP AIDS



## အီရန်နိုင်ငံ တောင်ပိုင်းရှိ ရာရှစ်ရာဂျေးဆိပ်ကမ်းတွင် ကြီးမားသော ပေါက်ကွဲမှုဖြစ်ပွားပြီး လူ ၁၄ ဦး သေဆုံး

**တီဟီရန် ဧပြီ ၂၇**

အီရန်နိုင်ငံ၏ အဓိကဆိပ်ကမ်းမြို့တစ်မြို့တွင် ဧပြီ ၂၆ ရက်က ကြီးမားသော ပေါက်ကွဲမှုဖြစ်ပွားပြီး လူ ၁၄ ဦး သေဆုံးကာ ၇၅၀ ခန့် ဒဏ်ရာရရှိခဲ့သည်ဟု အာဏာပိုင်များက အတည်ပြုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နံနက်ပိုင်းတွင် အီရန်တောင်ပိုင်းရှိ ဘန်ဒါအက်ဘတ်စ်မြို့အနီးရှိ နိုင်ငံ၏အကြီးဆုံးကုန်သွယ်ရေးဆိပ်ကမ်းဖြစ်သော ရာရှစ်ရာဂျေးတွင် ထိုပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ယင်းပေါက်ကွဲမှုကြောင့် အနီးရှိ အဆောက်အအုံများ၏ ပြတင်းပေါက်များနှင့် ခေါင်မိုးများသာမက ကားများလည်း ပျက်စီးခဲ့သည်။ ဆိပ်ကမ်းမှ ၅၀ ကီလိုမီတာ (၃၁ မိုင်) အကွာအဝေးအထိ ပေါက်ကွဲမှု၏ တုန်ခါမှုကို ခံစားရသည်ဟု ဒေသခံများက ပြောကြားခဲ့သည်။

နောက်ဆုံးအတည်ပြုထားသော ဗီဒီယိုများတွင် မီးလောင်မှုပြင်းထန်လာပြီး ကြီးမားသော ပေါက်ကွဲမှုဖြစ်ပွားကာ လူများထွက်ပြေးနေကြသည်ကို တွေ့ရသည်။ အချို့မှာ မီးခိုးများဝေနေသော အမှိုက်သရိုက်များအကြား လမ်းမပေါ်တွင် ဒဏ်ရာများဖြင့် လဲလျောင်းနေသူများကိုလည်း မြင်တွေ့ရသည်။

မီးသည် ကွန်တိန်နာတစ်ခုမှ တစ်ခုသို့ ပျံ့နှံ့နေသည်ဟု အီရန်ပြည်ထဲရေးဝန်ကြီးက အတည်ပြုခဲ့ပြီး ဒေသရှိ ကျောင်းများနှင့် ရုံးများကို ဧပြီ ၂၇ ရက်အထိ ပိတ်ထားရန် အမိန့်ထုတ်ပြန်ထားကြောင်း သိရသည်။

Mon



# မင်္ဂလာဒုံမြို့နယ်နှင့် တာချီလိတ်မြို့တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၇

မင်္ဂလာဒုံမြို့နယ်နှင့် တာချီလိတ်မြို့တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု သဃ်န်းကျွန်းကြီးကျေးရွာ အနီးတွင် သက်နိုင်(ခ)ကိုငှက် မောင်းနှင်ပြီး ကျော်ခိုင်လင်း(ခ)မိုးဒီလိုက်ပါလာသည့် Harrier ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀၀၀၀ (ဒေသတန်ဖိုးငွေကျပ်သိန်း ၃၅၀၀) သိမ်းဆည်းရမိခဲ့သည်။ စိတ်ကြွရူးသွပ်ဆေးပြားများအား ရေတာရှည်မြို့နယ် ရေနီကျေးရွာမှ ရန်ကုန်သို့သယ်ဆောင်ခဲ့သည့် Canter Isuzu ခြောက်ဘီးယာဉ်အား မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက်တွင် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဧပြီ ၂၄ ရက် ညနေ ၆ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ နေလင်းထွန်းအား ရန်ကုန်-မန္တလေး အမြန်လမ်း (၁၅၈)မိုင် စစ်ဆေးရေးဂိတ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဧပြီ ၂၆ ရက် နံနက် ၈ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်တွင် အောင်အောင်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (ဒေသတန်ဖိုးငွေကျပ်သိန်း ၇၀) သိမ်းဆည်းရမိခဲ့ပြီး နံနက် ၈ နာရီ မိနစ် ၂၀ တွင် စိတ်ကြွရူးသွပ်ဆေးပြားများရောင်းချပေးသူ တင်မင်းကို (ခ) ပြုံးချိုအား တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ နံနက် ၈ နာရီ ၄၅ မိနစ်တွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် မယ်ဆိုင်ရေချောင်းအနီး ဝါးရုံပင်အောက်တွင် မောင်တူး (ခ)တူကြီး ဝှက်သိမ်းထားသည့် မြေကျင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ (ဒေသတန်ဖိုးငွေကျပ်သိန်း ၃၅၀) နှင့်အတူ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



နေလင်းထွန်း၊ သက်နိုင်(ခ)ကိုငှက်နှင့် ကျော်ခိုင်လင်း(ခ)မိုးဒီတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၂၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဧပြီ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Daw Kyi Sein” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အမှတ်(၆)ရပ်ကွက်နေ ဒေါ်ကြည်စိန်အား ည ၇ နာရီ မိနစ် ၄၀ တွင် မုပွန်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်-မန္တလေး အမြန်လမ်းတွင် ယာဉ်မတော်တဆမှု ဖြစ်ပွား

မန္တလေး ဧပြီ ၂၇

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်(၁၀၁/၇)တွင် ဧပြီ ၂၄ ရက်၊ ညနေ ၃ နာရီခွဲက ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ပြီး ယာဉ်မောင်း အမျိုးသမီး တစ်ဦးထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း အမျိုးသမီးတစ်ဦးနှင့် ကလေးနှစ်ဦး လိုက်ပါလာသော မော်တော်ယာဉ်သည် နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာစဉ်မိုင်တိုင် (၁၀၁/၇) တွင် မတော်တဆဖြစ်ပြီး လမ်းဘေး၌ ကာရံထားသည့် Guard Rail တန်းကို ဝင်တိုက်မိခဲ့ကာ



ယာဉ်ရှေ့ခြမ်း ပျက်စီးခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်ရာသို့ အမြန်လမ်းမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းတို့သည် သွားရောက်ကူညီဆောင်ရွက်ခဲ့ကြပြီး ထိခိုက်ဒဏ်ရာများ ရရှိသူ ယာဉ်မောင်းအား မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ)(၀၅၇)



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၇

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဧပြီ ၂၄ ရက် ညနေ ၄ နာရီခွဲက မူဆယ်မြို့၊ ကောင်းမှုတုံရပ်ကွက်တွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ကျော်ဆန်းလင်း(ခ)အငဲ ဆိုသူ မောင်းနှင်ပြီး ဇော်ထက်(ခ)ငပိန် ဆိုသူလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျော်ဆန်းလင်း(ခ)အငဲ(၂၉)နှစ်နှင့် ဇော်ထက်(ခ)ငပိန်(၃၀)နှစ် ဆိုသူတို့အား မူဆယ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ယာဉ်မတော်တဆမှု ဖြစ်ပွား

မန္တလေး ဧပြီ ၂၇

ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင်အမှတ် (၄၁/၃)နှင့် (၄၁/၄) ကြားတွင် ဧပြီ ၂၇ ရက် နံနက် ၆ နာရီ ၅မိနစ်ခန့်က ယာဉ်မတော်တဆမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ဘောနတ်ကြီး အမြန်လမ်းရဲစခန်းနှင့် မီးသတ်စခန်းတို့မှ တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများသွားရောက်ဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်မှာ နေပြည်တော်မှ ရန်ကုန်သို့မောင်းနှင်လာသော လိုက်ထရပ်အမျိုးအစားအဖြူရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးမြေသားလမ်းပေါ်သို့ တိမ်းမှောက်ရပ်တန့်ခဲ့သည်။

ယာဉ်မတော်တဆမှုကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းအပါအဝင်အမျိုးသား လေးဦး၊ အမျိုးသမီး ခုနစ်ဦး၊ ကလေးနှစ်ဦး စုစုပေါင်း ၁၃ ဦး ထိခိုက်ဒဏ်ရာ (မစိုးရိမ်ရ)ရရှိပြီး လူမှုကူညီရေးအသင်းယာဉ်ဖြင့် ပဲခူးဆေးရုံကြီးသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။ (အောက်ပုံ) (၀၄၅)





## သာစည်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၇

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဧပြီ ၂၃ ရက် ည ၁၁ နာရီ က သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာ အနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် တောင်ကြီးမြို့ဘက်မှ ရန်ကုန်မြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် မမြင့်မြင့်ခိုင်(ခ)မခိုင်ဆိုသူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံး တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မမြင့်မြင့်ခိုင်(ခ)မခိုင် (၅၇)နှစ်ဆိုသူအား သာစည်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ (အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြန်လည်ကျင်းပစစ်ဆေးမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့အောင်မြင်စွာ ဖြေဆိုနိုင်ရေး

## ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ မိဘများ၊ ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူများနှင့် တွေ့ဆုံ၍ အားပေးစကားများပြောကြား

**မန္တလေး မေ ၂၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အတွင်း ပြန်လည်ကျင်းပစစ်ဆေးမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့အောင်မြင်စွာ ဖြေဆိုနိုင်ရေး ယနေ့ နံနက်ပိုင်းက ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ၊ ကိုယ်ပိုင်ကျောင်း တည်ထောင်အုပ်ချုပ်သူများအား အခြေခံပညာကျောင်းများ၌ တွေ့ဆုံ၍ အားပေးစကားများပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် စဉ့်ကိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ပလိပ်)သို့ လည်းကောင်း၊ ကျောက်ဆည်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း၊ ကူမဲမြို့ အခြေခံပညာအထက်တန်းကျောင်း(သာလွန်)သို့လည်းကောင်း၊ ဝမ်းတွင်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(သဲတော)သို့ လည်းကောင်း၊ မိတ္ထီလာမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့လည်းကောင်း၊ သာစည်မြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့လည်းကောင်း၊ ပျော်ဘွယ်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ယင်းတော်)နှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း၊ ရမည်းသင်းမြို့နယ်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း (မြို့မ)သို့ လည်းကောင်း သွားရောက်ပြီး တွေ့ဆုံအားပေးစကားများ ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လာမည့် ဇွန်လ ၁၆ ရက် မှ ၂၁ ရက်အထိ ပြန်လည် ကျင်းပစစ်ဆေးမည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ပြန်လည်ဖြေဆိုခွင့်ပြုထားသည့် ကျောင်းသား၊ ကျောင်းသူများ ဘာသာရပ်အားလုံးကို အဆင်ပြေချောမွေ့အောင်မြင်စွာဖြင့် ပြီးဆုံးသည်အထိ ဖြေဆိုနိုင်ရေးနှင့် အခက်အခဲများရှိပါက ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးတို့အတွက် လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ မတ်လ ၂၈ ရက် မွန်းလွဲပိုင်း၌ လှုပ်ခတ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မန္တလေးငလျင်ကြီးကြောင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများကို စာစစ်လုပ်ငန်းများ ဆောင်ရွက်နေသည့် မန္တလေးတက္ကသိုလ်ပင်မအဆောက်အအုံ ထိခိုက်ပြိုကျပျက်စီး မီးလောင်မှုဖြစ်ပွားခဲ့ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှ အဖြေလွှာများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သဖြင့် ယခင် စစ်ဆေးခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အားလုံး ဖြေဆိုခဲ့သူများကိုသာ ပြန်လည်ဖြေဆိုခွင့်ပြုထားပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရေးလုပ်ငန်းများတွင် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များစွာ လိုအပ်ပါကြောင်း၊ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် နေထိုင်ရေး၊ စားသောက်ရေး၊ စာရေးကိရိယာများ ဖြည့်ဆည်းထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း၊ တတ်မြောက်ပြီး သင်ခန်းစာများကို အချိန်ကာလတစ်ခုအတွင်း အနီးကပ်စခန်းသွင်း လေ့ကျင့်၍ ထိရောက်စွာ ပြန်လည်သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် လတ်တလောကြုံတွေ့နေရသည့် အခက်အခဲများကြားမှ ကျောင်းသား၊ ကျောင်းသူများအပေါ် စေတနာ၊ ဂရုဏာစိတ်အပြည့်ဖြင့် သင်ကြားပေးသွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ကိုယ်ပိုင်ကျောင်းတည်ထောင်သူများအနေဖြင့်လည်း ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲပြန်လည်ဖြေဆိုနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးရန်နှင့် နိုင်ငံတော်မှ လိုအပ်သည့် ထောက်ပံ့မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း၊ Grade-12 သည် နိုင်ငံတကာပညာရေးအရ GCE – A Level နှင့် ညီသည့်အတွက် ယခုစာမေးပွဲကို ကျောင်းသား၊ ကျောင်းသူများအားလုံး ခိုင်မာသော ယုံကြည်ချက်အပြည့် ကိုယ့်စွမ်းကိုယ်စဖြင့် ကြိုးစား၍ အောင်မြင်စွာ ဖြေဆိုသွားကြရန်နှင့် သဘာဝဘေးအန္တရာယ် ခံစားခဲ့ရသော တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်ဆွေဦးက ပြန်လည်ကျင်းပစစ်ဆေးသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သည့် စာရေးကိရိယာများနှင့် ပုံနှိပ်သင်ရိုးညွှန်းတမ်းစာအုပ်များကို နိုင်ငံတော်က ထောက်ပံ့ပေးသွားမည့်အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲများ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ မိဘများမှ တင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သည့်စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ–ဝ–ဝ–ဝ



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် စဉ့်ကိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ပလိပ်)တွင် တွေ့ဆုံအားပေးစကားပြောကြားစဉ်



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ကျောက်ဆည်မြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် တွေ့ဆုံအားပေးစကားပြောကြားစဉ်



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် စဉ့်ကိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ပလိပ်)တွင် တွေ့ဆုံအားပေးစကားပြောကြားစဉ်



အခြေခံပညာအထက်တန်းကျောင်း(ပလိပ်)တွင် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်

သတင်း-စာမျက်နှာ ၁၀



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ကျောက်ဆည်မြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် တွေ့ဆုံအားပေးစကားပြောကြားစဉ်။



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ကူမဲမြို့၊ အခြေခံပညာအထက်တန်းကျောင်း(သာလွန်)တွင် တွေ့ဆုံအားပေးစကားပြောကြားစဉ်။





မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ကူမဲမြို့၊ အခြေခံပညာအထက်တန်းကျောင်း(သာလွန်)တွင် တွေ့ဆုံအားပေးစကားပြောကြားစဉ်။



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ဝမ်းတွင်းမြို့၊ အခြေခံပညာအထက်တန်းကျောင်း(သဲတော)တွင် တွေ့ဆုံအားပေးစကားပြောကြားစဉ်။



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ဝမ်းတွင်းမြို့၊ အခြေခံပညာအထက်တန်းကျောင်း(သဲတော)တွင် ကျောင်းသုံးစာအုပ်များ ထောက်ပံ့ပေးအပ်စဉ်။



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မိတ္ထီလာမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် တွေ့ဆုံအားပေးစကားပြောကြားစဉ်။



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မိတ္ထီလာမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသုံးစာအုပ်များ ထောက်ပံ့ပေးအပ်စဉ်။

သတင်း-စာမျက်နှာ ၁၀



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မိတ္ထီလာမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် တွေ့ဆုံအားပေးစကားပြောကြားစဉ်။



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပျော်ဘွယ်မြို့၊ အခြေခံပညာအထက်တန်းကျောင်း(ယင်းတော်)တွင် ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပျော်ဘွယ်မြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် တွေ့ဆုံအားပေးစကားပြောကြားစဉ်။



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သာစည်မြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သာစည်မြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် တွေ့ဆုံအားပေးစကားပြောကြားစဉ်။



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပျော်ဘွယ်မြို့၊ အခြေခံပညာအထက်တန်းကျောင်း(ယင်းတော်)တွင် ကျောင်းသားမိဘများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ရမည်းသင်းမြို့၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း(မြို့မ)တွင် တွေ့ဆုံအားပေးစကားပြောကြားစဉ်။



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပျော်ဘွယ်မြို့၊ အခြေခံပညာအထက်တန်းကျောင်း(ယင်းတော်)တွင် တွေ့ဆုံအားပေးစကားပြောကြားစဉ်။

သတင်း-စာမျက်နှာ ၁၀



မိတ္ထီလာမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။



မိတ္ထီလာမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။

## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၃၅ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးကျော်ကျော် အား ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး



ရမည်းသင်းမြို့၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း(မြို့မ)တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။





မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် သာစည်မြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် တွေ့ဆုံအားပေးစကားပြောကြားရာတွင် တက်ရောက်ခဲ့သော ကျောင်းသူ၊ ကျောင်းသားများ၊ မိဘများ၊ ဆရာ၊ ဆရာမများအား တွေ့ရစဉ်။



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ပျော်ဘွယ်မြို့၊ အခြေခံပညာအထက်တန်းကျောင်း(ယင်းတော်)တွင် တွေ့ဆုံအားပေးစကားပြောကြားရာတွင် တက်ရောက်ခဲ့သော ကျောင်းသူ၊ ကျောင်းသား၊ မိဘများ၊ ဆရာ၊ ဆရာမများအား တွေ့ရစဉ်။

## ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**တောင်တွင်းကြီး ဧပြီ ၂၇**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဧပြီ ၂၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်သည်။

ရှေးဦးစွာ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ စသည့် ကဏ္ဍအလိုက် စီမံကိန်းတာဝန်များကို အသီးသီးပေးအပ်ရာ သက်ဆိုင်ရာဌာနများအလိုက် တာဝန်ရှိသူများမှ လက်ခံရယူခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီအတွင်းရေးမှူး ဒေါ်အေးနွယ်စိုးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များအား ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နိုင်ငံပိုင်အခန်းကဏ္ဍမှ ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများ၏ ရင်းနှီးမြှုပ်နှံမှု ရည်မှန်းချက်များနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိသနိုးမြေ)**

၀-၀-၀-၀

## ဝတ္ထုတိုကဏ္ဍ

# လက်နှစ်စုံ၏ အတ္ထုပ္ပတ္တိ



အရေးအကြောင်းများဖြင့် တွန့်ကြေနေသော မျက်နှာ၏ ပါးပြင်နှစ်ဖက်တွင် မျက်ရည်နှစ်စက် စီးဆင်းလာသည်။ ဖျော့တော့အားနည်းသော အသက်ရှူခြင်းက အားနည်းနှေးကွေးလာသည်။ အဘိုးအို၏ လက်တစ်ဖက်ကို ဆုပ်ကိုင်ထားသော လက်က ဖြည်းညင်းစွာ ပြေလျော့သွားသည်။ ခုတင်ပေါ်မှ ပက်လက်အဘွားအိုသည် ငြိမ်သက်သွား၏။ အဘိုးအို၏ ဖတ်ပြလက်စ စာမဆုံးသေး။

သမီးတို့ကို ပွေ့ချီခဲ့တဲ့ အဖေနဲ့ အမေရဲ့လက်၊ ပွေ့ပိုက်ပြီး နို့ချိုတိုက်ခဲ့တဲ့ အမေ့လက် နို့ဘူးလေးကိုင် (ပွေ့ချီလမ်းလျှောက်)တိုက်ကျွေးခဲ့တဲ့ အဖေ့လက်၊ ဝါးထားတဲ့ ဆီဆမ်းထမင်းလုတ် မွှေးမွှေးလေးတွေ ခွံ့ကျွေးခဲ့တဲ့ အဖေ။ အမေ့လက် ပါးပြင်က မျက်ရည်စတွေ ယုယုယယ သုတ်ပြီး ပွေ့ချီချော့မော့ပေးခဲ့တဲ့လက်။ ဆောင်းရာသီမှာ နွေးနွေး၊ နွေရာသီမှာ အေးအေးလေး(ရေကို) ခပ်ယူချိုးပေးခဲ့တဲ့ အမေနဲ့အဖေရဲ့ လက်တွေ။

မိုးလင်းအိပ်ရာထတိုင်း သမီးတို့ကို ကိုယ်လက်သန့်စင်ပေးပြီး ပါးကွက်လှလှတွေ ကွက်လိမ်းခြယ်ပေးဖို့ ကျောက်ပျဉ်သနပ်ခါးတုံး ကိုင်ခဲ့ကြတဲ့လက်၊ ကလေးဘဝစွန့်ပစ်မိခဲ့ကြတဲ့ ရွံ့စရာ အညစ်အကြေးတွေကို မရွံ့မရှာ သန့်စင်ပေးခဲ့တဲ့ ညစ်ပေနေပြီးတဲ့ အနှီးတွေ၊ အဝတ်အစားတွေ လျှော်ဖွပ်သန့်ပြန့်စေခဲ့တဲ့ အဖေနဲ့အမေရဲ့ လက်တွေ။ ပုခက်ကိုလွှဲ၊ တွန်းလှည်းကို ညင်သာစွာတွန်း၊ သမီးတို့ကို ပျော်ရွှင်ရယ်မောစေခဲ့ပြီး ငိုရင်လည်း တေးသီရင်း အငိုတိတ်အိပ်လို့ပျော်အောင် ပွေ့ချီချော့မြူခဲ့တဲ့ လက်တွေ။ ကျောပူ၊ ခေါင်းပူထတာလေးနဲ့ အလှည့်ကျ မအိပ်နိုင်၊ မစားနိုင် ထွေးပွေ့ချီပိုးပြီး အလှည့်ကျယုယခဲ့တဲ့ အမေနဲ့အဖေရဲ့ လက်အစုံတွေ။

ကျောင်းနေအရွယ်တွေမှာ ကျောင်းပို့၊ ကျောင်းကြိုပေးခဲ့တဲ့ တွဲလက်အစုံ၊ သောက်ရေချိုချိုသန့်သန့်အတွက် အသွား၊ အပြန်ခရီးဝေးဆီထိ မပင်မပန်းသွားပြီး သမီးတို့ကို ရေချိုအေးလေး(ထမ်းယူခဲ့ပြီး)ခပ်တိုက်ခဲ့တဲ့ အဖေ့လက်(ရွက်ယူခဲ့ပြီး)ခပ်တိုက်ခဲ့တဲ့ အမေ့လက်။

ကျောင်းပညာရေးထူးချွန်ဆုတွေ ရတိုင်း အမှတ်တရ ဂုဏ်ပြုလက်ဆောင်တွေ ဝယ်ယူထွေးပိုက်လာပြီး ထပ်ဆင့်ဂုဏ်ပြုပျော်ရွှင်မှုတွေ ပေးခဲ့တဲ့ (ပင်ပန်းစွာ အလုပ် လုပ်ပြီး ငွေရှာခဲ့ကြတဲ့)အဖေ၊ အမေ့လက်များ အစုံတွေရယ်၊ ဘွဲ့ဝတ်စုံတွေကိုလည်း ကိုယ်တိုင် ဂုဏ်ယူပျော်ရွှင်ဝမ်းမြောက်စွာ ဝတ်ဆင်ပေးခဲ့တဲ့လက်။ သမီးတို့ရဲ့ မင်္ဂလာပွဲတွေမှာ မင်္ဂလာပစ္စည်းတွေ၊ အိမ်ထောင်မှုပစ္စည်းတွေ၊ ကိုယ်တိုင်ပြုံးရွှင်စွာ ပေးအပ်ဖြည့်ဆည်းပေးခဲ့တဲ့ အဖေ၊ အမေ့လက်။

အဲ့ဒီလက်အစုံတွေရဲ့ ပိုင်ရှင်(အဖေနဲ့အမေ့)ကို တွေ့ဖို့၊ ကြုံဖို့၊ ဆုံဖို့ ကြည်နူးသိတတ် မျက်ရည်ဝိုင်းတဲ့ မျက်လုံးအစုံနဲ့မြင်ရဖို့ သမီးတို့ ညီအစ်မ၊ မောင်နှမတွေရဲ့ အလုပ်တာဝန်ရှိရာ နေရာတွေနဲ့ အမေ၊ အဖေတို့(အိမ်)နဲ့က အလှမ်းဝေးကွာလွန်းလှပါတယ် (ဆိုပေမယ့်) "မဖြစ်မနေအရောက်လာရမှာက သမီးတို့ရဲ့(တာဝန်ကြီး)ပါ။ အမေနဲ့အဖေရယ် (တစ်ချိန်တုန်းက)သန်မာခဲ့သလောက် ညင်သာနူးညံ့လွန်းလှတဲ့(အနန္တကျေးဇူးရှင်)အဖေနဲ့အမေရဲ့ လက်နှစ်စုံဟာ အခုနေအခါမှာတော့ တုန်ရီဖျော့တော့ပြီး အသားအရေတွေ တွန့်ကြေနေလောက်ရော့မယ်နော်။ လောကဓာတ်ကြီးရဲ့ အကွာအဝေးဖော်ပြလို့မရတဲ့ ဟင်းလင်းပြင်တစ်နေရာ ဟိုးအဝေးကြီးက လာနေကြတဲ့ သမီးတို့ကို ဖြူသလား၊ မည်းသလား ဘာမှမသိရသေးခင်ကတည်းက(အမေ၊ အဖေ)က အကြင်နာကြီးစွာနဲ့ ဆီးကြိုပွေ့ထွေးဖို့ (လက်နှစ်စုံနဲ့) "အလောတကြီးနဲ့ အသင့်ပြင်ပြီး" စောင့်ကြိုနေခဲ့ကြတယ်။ ဒါကြောင့်လည်း လောကလူသားတိုင်း ဘုရားတစ်ဆူစီ မရပေမယ့် သမီးတို့ဟာ အဖေတစ်ယောက်စီ၊ အမေတစ်ယောက်စီ ရခဲ့ကြတယ်ဆိုတာ အခု(ပိုပြီး)သဘောပေါက်ခဲ့ကြပါပြီ။ ဒါကြောင့် ဘယ်ရွေ့ဘယ်မျှဝေးနေကြပါစေဦးတော့ အမေနဲ့အဖေ့ဆီ သမီးတို့ မောင်နှမ၊ ညီအစ်မတွေဟာ (တွန့်ကြေတုန်ရီနေတဲ့ အဖေ၊ အမေ့လက်တွေနဲ့ အထွေးအပွေ့ခံယူဖို့ ရင်ခွင်ဟောင်းတွေမှာ ခေါင်းဝှေ့တိုးဝင်ဖို့) လာနေကြပါပြီ။

သမီးရဲ့စာကို ကိုင်ထားတဲ့ အဘိုးအိုရဲ့လက်တွေက တော်တော်လေး တုန်ခါနေတယ်။ သူ့နှလုံးက ပို၍ တုန်ခါလှုပ်ယမ်းအခုန်မြန်လာတယ်။ သမီးရဲ့ စာကြောင်းနှင့် စာလုံးများက နေရာမမှန်တော့ ရောထွေးခုန်ပေါက်နေကြ၊ သူ့မျက်မှန်ထူအောက်မှာ ဝေဝါးလိုက်၊ ပျောက်ကွယ်လိုက်၊ ပြန်လည်ပီပြင်လာလိုက်၊ စောင်းငဲ့ကြည့်လိုက်တော့ ခုတင်ပေါ်က အဘွားအိုက ငြိမ်သက်။ အရောင်မှုန်ပြပြအခန်းထဲ ဒရင်းဘက်ပေါ်မှာ သူတစ်ယောက်တည်း အသိ၊ သတိတရားတွေက မရေမရာ၊ သက်တမ်းခရီးလေးတစ်ခုကို သူ(အဘိုးအို)ဟာ ခါးသီးစွာ၊ ပျော်ရွှင်စွာ၊ ခက်ထန်စွာ၊ သိမ်မွေ့စွာ ဖြတ်သန်းခဲ့ပြီး သူ့သား၊ သမီးတွေ (လူသားမျိုးဆက်လေးတစ်ခု)အတွက် သူ့ကိုယ်သူ စတေးမျှဝေပေးခဲ့လေတဲ့ လက်အစုံပိုင်ရှင် သူ့အနားမှာရော(တိတ်ဆိတ်သွားသော အဘွားအိုအနားမှာရော)ယခု ဘယ်သူမှ မရှိကြ။

မေ့သွားတာ၊ ပစ်သွားတာ မဟုတ်လောက် မအားကြရှာလို့နေမှာပါ တွေးနေတုန်း မျက်လုံးအစုံက ပိုပြီး ဝေဝါးလာ၊ မြန်လိုက်၊ နှေးလိုက် အသက်ရှူသံ ကြေမွမတတ် ဆုပ်ကိုင်ထားတဲ့စာရွက် ကြမ်းပြင်ထက် လွတ်ကျသွားအောင် လွတ်ချလိုက် ဟုတ်တယ်(မျက်ဝန်းမှာ မြင်လာရတဲ့) သူတို့(လင်မယားနှစ်ယောက်)ဆီ "လာနေကြတဲ့" သား၊ သမီးတွေကို ဆီးကြိုထွေးပွေ့ဖို့ စာရွက်ကို လွှတ်ချလိုက်တာပါ(ဒါပေမဲ့)သူ (အဘိုးအို)ရဲ့လက်အစုံက ကြွမြောက်မလာ။ နောက်ဆုံးလက်ကျန်သတိတစ်ချက်နဲ့ ဘုရားကို အာရုံပြုလိုက်နိုင်တာမှ တစ်ပါး။ ။

ကျေးဇူးအားဖြင့်-----

**မောင်ကုက္ကိုယ်(တောင်မြို့)**

**(ဆရာမောင်ကုက္ကိုယ်အား ဂုဏ်ပြုပါသည်။)**

## စစ်ကိုင်းတောင်ရိုးရှိ သံဃာ၊ သီလရှင်များ ဆွမ်းဝေယျာဝစ္စ အဆင်ပြေစေရေးအတွက် အခြေခံစားသောက်ကုန်များ ပေးပို့လှူဒါန်း

**မကွေး ဧပြီ ၂၇**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် စစ်ကိုင်းတောင်ရိုးရှိ သံဃာ၊ သီလရှင်များ ဆွမ်းဝေယျာဝစ္စ အဆင်ပြေစေရေးအတွက် စုစုပေါင်း ငွေကျပ် ၁၅၂ သိန်းကျော် တန်ဖိုးရှိ အခြေခံစားသောက်ကုန်များကို ယနေ့ နံနက်ပိုင်းက စစ်ကိုင်းမြို့သို့ ပေးပို့လှူဒါန်းခဲ့သည်။



ထိုသို့ ပေးပို့လှူဒါန်းရာတွင် အခြေခံစားကုန်များအဖြစ် စားသုံးဆီ ပိဿာ ၆၈၀၊ ကြက်သွန်နီ ပိဿာ ၃၀၀၀၊ ငရုတ်သီးခြောက် ပိဿာ ၃၉၀၊ စုစုပေါင်း ပိဿာ ၄၀၇၀ အား ၁၆ ပေရှည်ခြောက်ဘီးယာဉ်တစ်စီးဖြင့် တင်ဆောင်၍ အုပ်ချုပ်မှုယာဉ်တစ်စီး၊ စုစုပေါင်းမော်တော်ယာဉ်နှစ်စီးဖြင့် မကွေးမြို့မှ စစ်ကိုင်းမြို့ရှိ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ထံသို့ သွားရောက်ပေးပို့လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

**မောင်ခိုင်မင်း(ပြန်/ဆက်)**



## စားအုန်းဆီများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိ

**ကန့်ဘလူ ဧပြီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်လမ်းညွှန်မှုဖြင့် ကန့်ဘလူမြို့နယ်တွင် ဒေသခံပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများအား စားအုန်းဆီများ အလွယ်တကူ ဝယ်ယူနိုင်ရေး သတ်မှတ်ရည်ညွှန်းဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိရာ ဧပြီ ၂၆ ရက် နံနက် ၈ နာရီက ကန့်ဘလူခရိုင် စုပေါင်းရုံး၌ နိုင်ငံ့ဝန်ထမ်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးရာတွင် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆီလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်း၍ စားအုန်းဆီများ ဝယ်ယူရာတွင် အလွယ်တကူ ဝယ်ယူနိုင်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ပေးကာ ခရိုင်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းများအား တစ်ဦးလျှင် စားအုန်းဆီ ၅၀ ကျပ်သားကို ငွေကျပ် ၄၀၀၀ နှုန်းဖြင့် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၀)

## သရက်ခရိုင်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**သရက် ဧပြီ ၂၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သရက်ခရိုင်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၅ ရက် နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာ စကားပြောကြားရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး စီးပွားရေးဝန်ကြီးတို့၏ လမ်းညွှန်ချက်များအရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်၊ အမျိုးသားစီမံကိန်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရည်မှန်းချက်များကို ပြည့်မီကျော်လွန်အောင်၊ ပြီးခဲ့သည့်နှစ်ထက် တိုးတက်မှုဖြစ်အောင်၊ ကြိုးစားအားထုတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်များပေးအပ်ရာ ခရိုင်အတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ခရိုင်ဦးစီးမှူးများက လက်ခံပေးခဲ့ပြီး ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းထိုက်က သရက်ခရိုင်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဧပြီလမှ မတ်လ (နှစ်ကုန်ခန့်မှန်းခြေ) စီမံကိန်းရည်မှန်းချက်များအပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်နှင့်ပတ်သက်၍ ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဇော်ထက်(သရက်)**

---

## မဟာအောင်မြေမြို့နယ် (Community Centre) ခန်းမ၌ စားသုံးသူကာကွယ်ရေးအကြောင်း အသိပညာပေး Talk Show ကျင်းပ




**မန္တလေး ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်(Community Centre) ခန်းမ၌ စားသုံးသူကာကွယ်ရေးအကြောင်း အသိပညာပေး Talk Show ကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးနှင့်ပတ်သက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက စားသုံးသူကာကွယ်ရေးအကြောင်းနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းရာ စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်ရွှေက စားသုံးသူကာကွယ်ရေးဆိုတာ ကုန်စည်(သို့မဟုတ်) ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စားသုံးသူ၏အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်ပေးခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်တို့ကြား ကော်မရှင်နှင့် ကော်မတီအဆင့်ဆင့်တို့မှ သတ်မှတ်ဆောင်ရွက်ပေးသည့် မျှတမှုရှိသောလုပ်ငန်းကိုဆိုလိုကြောင်း၊ စားသုံးသူ၏ အခွင့်အရေး(၈)ချက်နှင့် စားသုံးသူ၏ တာဝန်(၄)ချက်ရှိကြောင်း စသည်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၅၆)

---

## ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ ရွှေစည်းခုံဘုရား ရေးဟောင်းစောင်းတန်းနှစ်ခုအတွင်းနှင့် ရှစ်မျက်နှာဘုရားတို့တွင် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်

**ညောင်ဦး ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း ရွှေစည်းခုံဘုရားကြီးတောင်ဘက် ရေးဟောင်းစောင်းတန်းနှစ်ခုအတွင်းနှင့် ရှစ်မျက်နှာ ဘုရားပရဝုဏ်အတွင်း၊ အပြင်၌ ဧပြီ ၂၆ ရက် နံနက် ၇ နာရီက ညောင်ဦးခရိုင်၊ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြသည်။

ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညို၊ ခရိုင်စီမံအဖွဲ့ဝင်များနှင့် ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် ညောင်ဦးမြို့နယ် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ညောင်ဦးမြို့ ရွှေစည်းခုံဘုရားကြီးတောင်ဘက် ရေးဟောင်းစောင်းတန်းနှစ်ခုကြားနှင့် ရှစ်မျက်နှာဘုရားတို့တွင် အမှိုက်သရိုက်များ၊ ပေါင်းမြက်များ၊ ကန္တာရပင်များနှင့်ချုံနွယ်ပိတ်ပေါင်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ပေါင်းမြက်များ၊ သစ်ပင်ချုံနွယ်များအား ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်တို့ဖြင့် ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများအား စည်ပင်သာယာရေး အမှိုက်ကျင်းသို့ ပို့ဆောင်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၁)



---

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## မန်းမြေမှာ ပန်းတွေတစ်ဖန်ဝေစေဖို့

* မြေလွှာက လှိုင်းထန်
ဒေါမာန်နဲ့ အက်ကွဲ
ခိုလှုံရာ ကမ္ဘာပျောက်လို့
ကြောက်မက်ဖွယ် ငရဲ ။

* အသိုက်နဲ့ အမြုံ
အမှိုက်ပုံ တဖြစ်လဲ
ထိုနေရာ မြေလွှာအောက်
ကြင်သူပျောက်ရာစဲ ။

* စေတီနဲ့ ပုထိုး
အမျိုးဂုဏ် အမွေခဲ
ပြိုယိုင်ကာ မြေပြင်ထက်သို့
လျောင်းသက်ကာလဲ ။

* နန်းဆန်တဲ့ မန်းမြေမှာ
ပန်းတွေ တစ်ဖန်ဝေစေဖို့
ဘယ်လက်က မျက်ရည်သုတ်
ညာဘက်က အားအင်ထုတ်လို့
မလျော့တမ်းဇွဲသန်
အားတင်းမာန်ကြွ
ပြန်လည်ရှန်းထကြပါစို့ ။ ။

**ဦးခေ**



# သိက္ခာထပ် ပုနောပသမ္ပဒ မင်္ဂလာနှင့် ဂုဏဝိသိဋ္ဌ ဂုဏ်ပြုပူဇော်ပွဲ မင်္ဂလာအခမ်းအနား ကျင်းပ



**ဆင်ပေါင်ဝဲ မေ ၂၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ဆင်ပေါင်ဝဲမြို့နယ် ဘုရားကြီးကျောင်းတွင် အသစ်ဆောက်လုပ်ပြီးစီးသော 'သဒ္ဓမ္မဂုဏ်ရည်'နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချပွဲနှင့် ဘုရားကြီးကျောင်း ဆရာတော် ဘဒ္ဒန္တဝိစိတ္တတပည့် 'သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ' ဘွဲ့တံဆိပ်နှစ်ခုရ အရှင်ကောသလ္လအား သိက္ခာထပ် ပုနောပသမ္ပဒ မင်္ဂလာနှင့် ဂုဏဝိသိဋ္ဌ ဂုဏ်ပြုပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို မေ ၂၆ ရက် မွန်းလွဲ ၁ နာရီက အဆိုပါဘုရားကြီးကျောင်းတွင် ကျင်းပသည်။

အခမ်းအနားကို ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များနှင့် တရားနာပရိသတ်တို့က နမောတဿ သုံးကြိမ် ရွတ်ဖတ်ပူဇော်၍ အခမ်းအနားကို ဖွင့်လှစ်ပြီး သာသနာ့အာဇာနည် ဘွဲ့တံဆိပ်နှစ်ခုရ အရှင်ကောသလ္လအား ဒင်းပုန်းအရှင်မဏ္ဍလ (ဆင်ပေါင်ဝဲ) ရေးဖွဲ့ပူဇော်ဂုဏ်ပြုထားသည့် 'သဒ္ဓမ္မဂုဏ်ရည်ရွှေကျောင်းတော်ကြီးဆီသို့' အမည်ရှိ စည်တော်သံသီချင်းအား တေးသံရှင် ဦးနိုင်လင်းက ရွှေအလင်္ကာတေးဂီတအဖွဲ့နှင့် တွဲဖက်သီဆိုပူဇော်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ နေနတ်သားစာသင်တိုက် စာချဆရာတော် စန္ဒောဘာသ (သာသနဓဇဓမ္မာစရိယ၊ဝိနယဝိဒူ၊အင်္ဂုတ္တရနိကာယဝိဒူ)ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဘုရားငါးဆူစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးသိန်းမြင့်က သာသနာ့အာဇာနည် အရှင်ကောသလ္လ၏ ထေရုပ္ပတ္တိကို ဖတ်ကြားခြင်း၊ ဘုရားကြီးကျောင်းတိုက် 'သဒ္ဓမ္မဂုဏ်ရည်' နှစ်ထပ်ကျောင်းဆောင်သစ်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဝိစိတ္တ ရေးဖွဲ့ဂုဏ်ပြုထားသည့် အရှင်ကောသလ္လ(ဓမ္မာစရိယ၊ ဝိနယဝိဒူ)၏ ဘဝဖြစ်စဉ် ရှစ်လုံးဖွဲ့ကဗျာများကို ဓမ္မသီဂီဝတ်ရွတ်အသင်းနှင့် အောင်စကြာဝတ်ရွတ်အသင်းတို့က ရွတ်ဖတ်ပူဇော်ပြီး ဘုရားကြီးကျောင်း ဆရာတော် ဘဒ္ဒန္တဝိစိတ္တက ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားခြင်း၊ တေးသံရှင်များ၊ ရွှေအလင်္ကာတေးဂီတအဖွဲ့နှင့် ဝတ်ရွတ်အသင်းတို့က ထပ်တွန့်ရှစ်ဆယ်ပေါ်တေးထပ်၊ ပုလဲသွယ်ရှစ်လုံးဖွဲ့ကဗျာ၊ မကြီးစမ်းထိုရှာအစချီ ပိုဒ်စုံရတုတို့ဖြင့် ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ထို့နောက် အပူဇော်ခံဆရာတော်အား ဘုရားကြီးကျောင်းဆရာတော် ဘဒ္ဒန္တဝိစိတ္တနှင့် အလှူရှင်များ လှူဒါန်းထားသော နဝကမ္မဝတ္ထုငွေအား ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရန်ကုန်တိုင်းဒေသကြီး၊စမ်းချောင်းမြို့နယ်၊ နေနတ်သားစာသင်တိုက် စာချဆရာတော် စန္ဒောဘာသ(သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ အင်္ဂုတ္တရနိကာယဝိဒူ)ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှဝေခဲ့ကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားပြီးမြောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



# မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၂၇)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး မေ ၂၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း၏ (၂၇) ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ကဆုန်လဆန်း ၁ ရက် နံနက် ၅ နာရီခွဲက သိပ္ပံလမ်းနှင့် ဖိုလမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်အား ဆွမ်း၊ ဝက်သားဟင်း၊ ငါးခြောက်ကြော်၊ သရက်ချဉ်သုပ်၊ ယမ်းယမ်းခေါက်ဆွဲခြောက်ထုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး သင်္ကန်းပန်းခြင်း တစ်ခြင်း၊ သင်္ကန်းဒွိစုံ ငါးစုံနှင့် နဝကမ္မဝတ္ထုငွေကျပ် ၉၅၀၀၀ တို့ကို စာရေးတံမဲ ဖောက်၍ ဘုံဆွမ်းလောင်းအသင်း တည်ထောင်သူ ဦးနေမင်းဦး+ ဒေါ်ယုယုဇော်(ပီတိသုခမိသားစု)၊ ကိုမျိုးဝင်း+မအိအိချော(ကောင်းထက်မဟာမိသားစု၊ ကာဗာတိုင်းပြည်မိသားစုများ)၊ ဦးရုံးရွှေ+ဒေါ်မိုးသန္တာအောင်(ရွှေသစ်ပင်ဟိုတယ်မိသားစု)၊ ဦးအောင်သန်းလှိုင်+ဒေါ်နန်းနီနီဝင်း မိသားစု၊ ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်း မိသားစု၊ ရပ်ကွက်ပြည်သူများနှင့် ဘုံဆွမ်းလောင်း အသင်းသား၊ အသင်းသူများက လောင်းလှူခဲ့ကြသည်။

မြန်မာလဆန်း ၁ ရက်နေ့များတွင် သိပ္ပံလမ်းနှင့် ဖိုလမ်းထောင့်၌လည်းကောင်း၊ လပြည့်နေ့များတွင် ၃၅လမ်းနှင့် ၆၉ လမ်းထောင့်တွင်လည်းကောင်း ဘုံဆွမ်းလောင်းလှူလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၄၀)**

# အင်းလေးဒေသ ငလျင်ဘေးသင့်ပြည်သူများအား လှူဒါန်း

**တောင်ကြီး မေ ၂၇**

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသသို့ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးပပနှင့် အဖွဲ့ဝင်များသည် မေ ၂၄ ရက်က သွားရောက်လှူဒါန်းသည်။

ရှေးဦးစွာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ်၊ မင်းချောင်းကျေးရွာအုပ်စု၊ ကြေးစားကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ အဘိုး၊ အဘွား ၁၀ ဦးအား ငွေနှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်းကာ ဂါရဝပြုကန်တော့ကြသည်။

ထို့နောက် ငလျင်ဘေးသင့်ပြည်သူများအား တွေ့ဆုံပြီး နှစ်သိမ့်အားပေးစကားပြောကြား၍ ငွေကျပ် သိန်း ၃၀ အား လှူဒါန်းခဲ့ရာ ညောင်ရွှေမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာလင်းက လက်ခံရယူသည်။ ထို့နောက် ငလျင်ဘေးသင့် မင်းချောင်းကျေးရွာအုပ်စု၊ ကြေးစားကုန်းကျေးရွာ ဒေသခံတစ်ဦးက ငလျင်ဘေးသင့်ပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အင်းလေးဖောင်တော်ဦးဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ငလျင်ဘေးသင့်ခဲ့သည့် အင်းလေးဖောင်တော်ဦးဘုရား ဘက်စုံပြုပြင်မွမ်းမံနိုင်ရေးအတွက် ငွေကျပ် ၁၀ သိန်းအား လှူဒါန်းခဲ့ရာ အင်းလေးဖောင်တော်ဦးဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမြင့်က လက်ခံရယူသည်။

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသရှိ သာလေးအခြေခံပညာ အထက်တန်းကျောင်းတွင် ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကာ ငလျင်ဘေးသင့်ပြည်သူများအား သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရမုန့်ထုပ်များ ဝေငှပေး၍ ငွေကျပ် ၁၀ သိန်းလှူဒါန်းခဲ့ရာ ငလျင်ဘေးသင့်ပြည်သူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*-*-*

အသက်သည် သွေး ၊ သွေးသည် အသက် ။

# မန္တလေးတောင်တော်ရှိ သာသနိကအဆောက်အအုံများ ပြုပြင်မှုတွင် ပါဝင်လှူဒါန်းနိုင်ရန် နှိုးဆော်

**မန္တလေး မေ ၂၇**

ငလျင်ကြောင့် ပျက်စီးယိုယွင်းသွားသော မန္တလေးတောင်တော်ရှိ ဘုရား၊ စေတီ၊ ပုထိုး၊ သိမ်၊ တန်ဆောင်း၊ ပြာသာဒ်များအား ဂေါပကအဖွဲ့မှ ကြီးမှူး၍ ပြန်လည်ပြုပြင်လျက်ရှိသည်။



ကုသိုလ်ရှင်များအနေဖြင့် သံ(၃မူး) ဝ ဒသမ ၂၅တန်လျှင် ငွေကျပ် ၉၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ သံ(၃မူး) ဝ ဒသမ ၅ တန်လျှင်ငွေ ငွေကျပ် ၁၉၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ သံ(၃မူး) တစ်တန်လျှင် ငွေကျပ် ၃၈၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ဘိလပ်မြေတစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ထုံးတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့်လည်းကောင်း၊ သဲတစ်ကျင်းလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ချိပင်ကျောက်တစ်ကျင်းလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ (B)ကျောက်တစ်ကျင်းလျှင် ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အုတ်တစ်ချပ်လျှင် ငွေကျပ် ၃၅၀ နှုန်းဖြင့်လည်းကောင်း၊ ဆီဆေးတစ်ဂါလန်လျှင် ငွေကျပ် ၇၄၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ရေဆေးတစ်ဂါလန်လျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ရေဆေးတစ်ပုံးလျှင် ငွေကျပ် ၂၂၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ (1"x1")ကြွေပြားတစ်ချပ်လျှင် ငွေကျပ် ၄၅၀၀ နှုန်းဖြင့်လည်းကောင်း မန္တလေးတောင်ဂေါပကအဖွဲ့ရုံးနှင့် ဆုတောင်းပြည့်ဘုရားရင်ပြင် အလှူခံဌာနတို့တွင်လည်းကောင်း၊ ဂေါပကအဖွဲ့ ဖုန်း ၀၉-၇၈၇၆၅၉၇၇၅၊ ၀၉-၄၄၁၀၃၈၈၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၄၅)**



# မြေငလျင် ( သို့မဟုတ်) ဖျက်အားပြင်း သဘာဝဘေးအန္တရာယ်



မြန်မာနိုင်ငံသည် စစ်ကိုင်းပြတ်ရွေ့ကြော (Sagaing Fault)နှင့် အခြားပြတ်ရွေ့ကြောများပေါ်တွင် တည်ရှိသဖြင့် ငလျင်ကြီးများဖြစ်နိုင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

**မြေငလျင်**

ကမ္ဘာ့မြေမျက်နှာပြင်အောက်ရှိ အောက်ခံကျောက်များသည် ဒဏ်အမျိုးမျိုးခံရသဖြင့် လှုပ်ခါခြင်းမှ ထွက်ပေါ်လာသော လှိုင်းများကြောင့် မြေငလျင်လှုပ်ခြင်းကို ဖြစ်ပေါ်စေသည်။ အဓိကအားဖြင့် ပြတ်ရွေ့များတစ်လျှောက် မြေသားထုရုတ်တရက် ကျိုးပြတ်ရွေ့လျားမှုကြောင့် ကမ္ဘာ့အပေါ်ယံအခွံလွှာအတွင်းရှိ ကျောက်များသည် ဒဏ်အား (Stress) သက်ရောက်ခံရသောအခါ ကျောက်လွှာများရွေ့ခြင်း (သို့မဟုတ်) ပုံဖျက်ခြင်းကိုဖြစ်စေပြီး ထိုဒဏ်အားသည် ကျောက်လွှာ၏ ခံနိုင်ရည်ထက်ကျော်လွန်သွားသောအခါ ကျောက်လွှာကျိုးပြတ်သွားခြင်းကြောင့် ကမ္ဘာမြေတွင်းမတည်ငြိမ်မှုဖြစ်ကာ ငလျင်လှုပ်ခြင်းကို ဖြစ်ပေါ်စေသည်ဟု ၁၉၀၆ ခုနှစ်တွင် ဘူမိဗေဒပညာရှင် ဟင်နရီဖီးလ်ဒင်းရိတ်ဒ်က 'ရုန်းပြန်သတ္တိသီအိုရီ' (Elastic rebound theory) ဖြင့် ဖြေရှင်းပြခဲ့သည်။

**ငလျင်၏အစ မြေထုချပ်ပြတ်ရွေ့က**

မြေထုချပ်ထက်တိုးနစ် (Plate Tectonics) အဆိုအရ ကမ္ဘာမြေကြီး၏ အပြင်ပိုင်း မိုင် ၅၀-၆၀ ကျော် အထူရှိသည့် မာကျောကျစ်လျစ်သော ကျောက်ထုနှင့် မြေထုကို 'မြေထုချပ်'ဟု သတ်မှတ်နိုင်သည်။ ကမ္ဘာ့မြေထုချပ်တွင် သိပ်သည်းဆများဖြစ်သော သမုဒ္ဒရာမြေထုချပ်နှင့် သိပ်သည်းဆနည်းသော ကုန်းမြေထုချပ်ဟူ၍ နှစ်မျိုးရှိ၏။ ကမ္ဘာ့မြေထုချပ်တွင် မြေထုချပ်အကြီး ခြောက်ချပ်နှင့် မြေထုချပ်အငယ်ပေါင်း ၂၀ ကျော် ပါဝင်သည်။ ထိုမြေထုချပ်များသည် မိုင် ၁၀၀ ကျော်ထူသည့် ပူပြီးစေးပျစ်သော ကျောက်ပျော့ထု (Asthenosphere) ပေါ်တွင်တင်လျက် အစဉ်ရွေ့လျားမျောပါနေကြသည်။ ရွေ့လျားနှုန်းသည် တစ်နှစ်လျှင် ပျမ်းမျှ ၂ မှ ၁၀ စင်တီမီတာအထိရှိ၏။ မြေထုချပ်များကို ရွေ့လျားပုံပေါ်မူတည်၍ တစ်ခု နှင့်တစ်ခု ဆန့်ကျင်ဘက်လားရာသို့ ကွဲကွာရွေ့လျားသောနေရာရှိ အနားစွန်းကို 'ကွဲကွာအနားစွန်း'၊ တစ်ခုနှင့် တစ်ခု မျက်နှာချင်းဆိုင် ရွေ့လျားကာ ဆုံစည်းသည့် မြေထုချပ် အနားစွန်းများကို 'ဆုံစည်းအနားစွန်း' နှင့် ဧရာပြင်ညီအတိုင်း ရွေ့လျားနေသော ပြတ်ရွေ့ကြောတစ်လျှောက်ရှိ မြေထုချပ် အနားစွန်းများကို 'လျှောပြတ်အနားစွန်း' ဟူ၍ တွေ့ရှိရသည်။ ထိုမြေထုချပ် အနားစွန်းသုံးမျိုးတွင် အလျားလိုက်လျှောပြတ် ပြတ်ရွေ့တစ်လျှောက်တွင် ဖျက်အားပြင်းထန်သော 'ဇောက်တိမ်ငလျင်များ' အဖြစ်များပြီး ဆုံစည်းအနားစွန်းများတွင် ကျောက်လွှာများ ငုပ်လျှိုးစိုက်ဝင်သည့် ပွတ်တိုက်မှုကြောင့် ဇောက်တိမ်မှ ဇောက်နက်ဗဟိုချက်ရှိသော ငလျင်များ လှုပ်ခတ်နိုင်သည်။

**မြေငလျင်လှိုင်းများနှင့် မြေငလျင်ပြင်းအားပမာဏ**

ကမ္ဘာမြေတွင် ငလျင်စတင်ဖြစ်ပေါ်သောနေရာကို 'မြေအောက်ငလျင်ဗဟိုချက်' (Focus) ဟုခေါ်ပြီး ငလျင်ဗဟိုချက်အပေါ်တည့်တည့်ရှိ မြေပြင်ပေါ်ရှိ အမှတ်ကို မြေပေါ်ငလျင်ဗဟိုချက် (Epicenters) ဟုခေါ်သည်။ မြေထုအတွင်းပိုင်းများတွင် ဖြစ်ပွားသော ငလျင်လှိုင်းများကို ရှေ့နောက်ရွေ့လျားလှိုင်း (Primary wave or P-wave) နှင့် အထက်အောက်ရွေ့လျားလှိုင်း (Secondary wave or S-wave) ဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။

လှိုင်းများကိုမူ မြေပေါ်တုန်ခါရွေ့လျားသောလှိုင်း (Surface wave or L-wave) ဟု ခေါ်ပြီး သက်ရောက်မှုအများဆုံး ဖြစ်ပေါ်စေသော လှိုင်းဖြစ်သည်။

ငလျင်၏ ပြင်းအားပမာဏသည် ငလျင်စတင်ဖြစ်ပေါ်ရာ ကမ္ဘာမြေအတွင်းပိုင်းရှိ ဗဟိုချက် (Focus)၏ အတိမ်အနက်၊ ဒဏ်အားစုစည်းမှု ပမာဏနှင့် ဒဏ်အားစုစည်းထားသည့် ကြာချိန်ပေါ်တွင် အဓိကမူတည်သည်။ ငလျင်တစ်ခု၏ မြေအောက်ငလျင်ဗဟိုကို ကောက်တိမ်ငလျင် (၀ မှ ၇၀ ကီလိုမီတာ)၊ ဇောက်လတ်ငလျင် (၇၀ မှ ၃၀၀ ကီလိုမီတာ)နှင့် ဇောက်နက်ငလျင် (၃၀၀ ကီလိုမီတာနှင့်အထက်)ဟူ၍ ခွဲခြားထား၏။ ဤသုံးမျိုးတွင် ဇောက်တိမ်ငလျင်သည် ဖျက်ဆီးမှု အများဆုံး ဖြစ်စေတတ်သော ငလျင်အမျိုးအစား ဖြစ်သည်။

ငလျင်ပြင်းအားကို ဖော်ပြရာတွင် ယနေ့ကမ္ဘာတစ်ဝန်းတွင် ကျယ်ပြန့်စွာ အသုံးပြုသော စကေးမှာ ကယ်လီဖိုးနီးယားနည်းပညာတက္ကသိုလ်မှ ချားလ်စ် ဖရန်စစ် ရစ်ချ်တာ (Charles Francis Richter) က ၁၉၃၅ ခုနှစ်တွင် ဖော်ပြခဲ့သော 'ရစ်ချ်တာစကေး' ဖြစ်၏။ ရစ်ချ်တာစကေးသည် ပမာဏကို ဆပွားတွက်ယူထားသော စကေး (Logarithmic Scale) ပေါ်တွင် အခြေခံပြီး ပြင်းအားအဆင့် ကိုးဆင့်ဖြင့် ဖော်ပြသည်။ အဆင့်တစ်ခုနှင့် တစ်ခုအကြားတွင် ၁၀ ဆကွာခြား သတ်မှတ်ထား၏။ ရစ်ချ်တာ စကေးခြောက်နှင့် (၆အထက်ရှိ) ငလျင်များကို ပြင်းထန်ငလျင်အဖြစ် သတ်မှတ်သည်။

**ငလျင်ရပ်ဝန်း**

ကမ္ဘာပေါ်တွင် အဓိက ငလျင်ရပ်ဝန်း နှစ်ခုရှိသည်။ ပထမတစ်ခုမှာ ပစိဖိတ်ကမ်းရိုးတန်းတစ်လျှောက် အနားပတ်ထားသော ပစိဖိတ်မီးကွင်း (Pasific Ring of Fire) ရပ်ဝန်းနှင့် ဒုတိယတစ်ခုမှာ ဟိမဝန္တာတောင်တန်းနှင့် မြန်မာနိုင်ငံ အနောက်ရိုးမကို ဖြတ်သန်းပြီး အင်ဒိုနီးရှားကျွန်းစုများအထိ သွယ်တန်းနေသော အယ်လပိုက် ငလျင်ရပ်ဝန်းတို့ဖြစ်သည်။ ကမ္ဘာပေါ်တွင် လှုပ်ရှားခဲ့သော ပြင်းထန်ငလျင်အများစုမှာ ပစိဖိတ်မီးကွင်းတွင် ဖြစ်ပေါ်ခဲ့ပြီး အယ်လပိုက်တွင် ၁၇ ရာခိုင်နှုန်းခန့်သာ ဖြစ်ပွားခဲ့သည်။ အယ်လပိုက် -ဟိမဝန္တာအဆက်ဖြစ်သော သက်တမ်းနုသည့် မြန်မာနိုင်ငံ အလယ်ပိုင်းချိုင့်ဝှမ်း၊ ဧရာဝတီမြစ်ဝှမ်းနှင့် အနောက်ရိုးမတို့တွင် ကျောက်လွှာချပ်များ ရွေ့လျားမှုအချို့ရှိနေသောကြောင့် ငလျင်လှုပ်ခတ်မှုများ ကြုံတွေ့နေရသည်။

ထို့ကြောင့် မြန်မာနိုင်ငံ ငလျင်ဇုန်များပြ မြေပုံကို ၁၉၀၂ ခုနှစ်တွင် တုန်ခါလှုပ်ခတ်မှု ပြင်းအားပမာဏပေါ်မူတည်၍ အဆင့် ၁၂ ဆင့်ဖြင့် ဖော်ပြခဲ့သည့် အီတလီငလျင်ပညာရှင် မာကယ်လီ (Merealli)၏ မွမ်းမံမာကယ်လီစကေး (Modified Merealli scale)ပေါ် အခြေခံ၍ ငလျင်ရပ်ဝန်း ငါးခုကို ပညာရှင်များက ရေးဆွဲသတ်မှတ်ခဲ့သည်။

**စစ်ကိုင်းပြတ်ရွေ့ကြော**

စစ်ကိုင်းပြတ်ရွေ့ကြော (Sagaing Fault) သည် ဖွန်းဒါး (ဆွန်ဒါ) ကျောက်ထုလွှာနှင့် အိန္ဒိယကျောက်ထုလွှာအကြားတွင် တည်ရှိနေသည့် ပြတ်ရွေ့ကြောဖြစ်သည်။ အရှည် ကီလိုမီတာ ၁၂၀၀၊ ၇၄၅မိုင် ရှိ၏။ ကပ္ပလီကမ်းလွန်မှစတင်ကာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသအထိ ရှည်လျားသည်။ အရှေ့ဘက်ရှိ ရှမ်းပြတ်ရွေ့ငယ်နှင့် နှိုင်းစာလျှင် ၄င်း၏ အလျားတစ်လျှောက်တွင် တောင်ကုန်းတောထူထပ်မှုနည်းသည်။

အိန္ဒိယ-ဆွန်းဒါး ကျောက်လွှာချပ်ကြီး နှစ်ခုအကြား စုစုပေါင်းရွေ့လျားနှုန်းမှာ တစ်နှစ်လျှင် ၃၅ မီလီမီတာရှိ၏။ အထဲတွင် စစ်ကိုင်းပြတ်ရွေ့ကြောပေါ်တွင် ၁၈ မီလီမီတာ ရွေ့လျားမှုကို ဂြိုဟ်တုမှ ရရှိသော သတင်းအချက်အလက်များအရ သိရသည်။ (၂၀)ရာစုအစောပိုင်းတွင် စစ်ကိုင်းပြတ်ရွေ့ကြော၏ အလျားတစ်ဝက် ကျော်သည် ငလျင်များ ဖြစ်ပေါ်စေသည့် အကြောင်းအရင်းများတွင်ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံတွင် အပြင်းအထန်ဖြစ်ခဲ့သော ငလျင်သမိုင်းကို ပြန်လည်လေ့လာလျှင် အနည်းဆုံး ၁၀ နှစ်ခြား၊ အကြာဆုံး ၃၇ နှစ်ခြားတွင် ပြန်လည်ဖြစ်တတ်သည်။ စစ်ကိုင်းပြတ်ရွေ့ကြောတွင် လှုပ်ခဲ့သော ငလျင်များမှာ -

- ၁၈၃၉ တွင် အင်းဝငလျင်
- ၁၉၃၀ တွင် ပဲခူးငလျင်ပြင်းအား(၇ ဒသမ ၃ မှ ၇ ဒသမ ၆)၊
- ၁၉၄၆ တွင် စစ်ကိုင်းငလျင်ပြင်း အား(၈ ဒသမ ၀)၊
- ၁၉၅၆ တွင် စစ်ကိုင်းငလျင်ပြင်း အား (၇ ဒသမ ၁)၊
- ၁၉၇၅ တွင် ပုဂံငလျင်ပြင်းအား (၆ ဒသမ ၅)၊
- ၂၀၁၂ တွင် ရွှေဘိုငလျင်ပြင်းအား(၆ ဒသမ ၈)၊
- ၂၀၂၅ တွင် စစ်ကိုင်းဗဟိုပြုပြင်းအား(၇ ဒသမ ၇) တို့ လှုပ်ခတ်ခဲ့သည်။

**မန္တလေးငလျင်**

**ငလျင်၏နောက်ဆက်တွဲ ပြဿနာများ**

မြေငလျင်ကြီးတစ်ခု လှုပ်ပြီးသွားလျှင် အဆောက်အအုံ ပြိုပျက်ခြင်း၊ မီးလောင်မှု ဖြစ်ပွားခြင်း၊ လူအများ သေဆုံးထိခိုက်ဒဏ်ရာရတတ်၏။ ထိုဒဏ်ရာများမှာ မသန့်ရှင်းသောရေနှင့် ပတ်ဝန်းကျင်ကြောင့် ပိုးဝင်လွယ်သည်။ အများအားဖြင့် အရေပြားပိုးဝင်ခြင်း၊ အနာရောင်ရမ်းခြင်း၊ အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းများ ဖြစ်ပွားနိုင်သည်။ ငလျင်ကြောင့်ရေပိုက်များ ပျက်စီး၍ မသန့်ရှင်းသော ရေများကို အသုံးပြုရလေ့ရှိရာ ထိုရေကြောင့် ဝမ်းလျှောခြင်း၊ အသည်းရောင်အသားဝါ(A)၊ ကာလဝမ်းရောဂါစသည့် ကူးစက်ရောဂါများ ဖြစ်နိုင်ခြေများသည်။

အဆောက်အအုံများ ပြိုကျပျက်စီးရာမှ ထွက်ပေါ်လာသော ဖုန်များကို ရှူရခြင်းကြောင့် အသက်ရှူခက်ခဲခြင်း၊ တုပ်ကွေးအအေးမိခြင်း၊ အဆုတ်ရောင်ရောဂါများ ဖြစ်နိုင်သည်။

အစားအသောက်မသန့်ရှင်းခြင်းနှင့် ရက်လွန်အစာများ စားမိခြင်းကြောင့် အစာအဆိပ်သင့်ခြင်းများ ဖြစ်နိုင်သကဲ့သို့ ဖုန်မှုန့်များကြောင့် မျက်စိရောဂါရခြင်းများ ဖြစ်နိုင်သည်။ ထို့အပြင် တိုက်တာအိမ်ခြေများ ပျက်စီးကာ လူများ သေဆုံးမှုကို မြင်တွေ့ရခြင်းဖြင့် စိတ်ဖိစီးမှုနှင့် မိသားစုအတွက် စိတ်ပူပန်ရခြင်း၊ အိပ်မပျော်ခြင်းစသော စိတ်ပိုင်းဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်လေ့ရှိသည်။ ထို့ကြောင့် ရေကို ကျိုချက်သောက်ရန်၊ နှာခေါင်းစည်းများ တပ်ဆင်ရန်၊ တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုစိုက်ရန်၊ ခြင်မကိုက်စေရန်နှင့် မြွေအန္တရာယ်ကို သတိထားရန် ဆေးပညာရှင်များက သတိပေးနှိုးဆော်လျက်ရှိသည်။

**(၂၈-၃-၂၀၂၅) စစ်ကိုင်းဗဟိုပြု မန္တလေးငလျင်မှ သင်ခန်းစာ**

၂၀၂၅ ၊ မတ် ၂၈ ရက်တွင် ရစ်ချ်တာစကေး (၇ ဒသမ ၇)ရှိ ပြင်းထန်ငလျင်ကြီးတစ်ခု လှုပ်ခတ်သွားခဲ့သည်။ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် မြောက်ပိုင်းတွင် လူတို့၏ အသက်အိုးအိမ်စည်းစိမ်များ များစွာပျက်စီးခဲ့၏။ ထိုပြင်းထန်ငလျင်ကြီး လှုပ်ပြီးခဲ့သော်လည်း ငလျင်ငယ်များ အကြိမ်များများ ဆက်လက်လှုပ်ခတ်နေပြီး ပြင်းအားအသင့်အတင့်ရှိရာ နောက်ဆက်တွဲ ငလျင် (After shock ) ဖြစ်မည်ကို စိုးရိမ်လျက်ရှိကြသည်။ သုတေသီများ၏ သုတေသနပြုချက်အရ မြန်မာ့ပြတ်ရွေ့ကြောများသည် ခြောက်သွေ့သော မြေပြန့်ဒေသများတွင် တည်ရှိသောကြောင့် ပင်လယ်ဆူနာမီငလျင် (Tsunami) ထက် ကုန်းမြေငလျင် လှုပ်နိုင်ခြေပိုများသည်ဟု ဆိုသည်။ ထို့အပြင် စစ်ကိုင်းပြတ်ရွေ့ကြောသည် နှစ်ပေါင်း ၁၅၀ မှ ၂၀၀ နှစ်တိုင် တစ်ကြိမ်ပြန်လှုပ်နိုးထနိုင်သောကြောင့် နောက်ထပ် ၁၀-၂၀ နှစ်အတွင်း ပြင်းအား ၈ ဒသမ ၀ အဆင့်ရှိ ငလျင်ဖြစ်နိုင်ခြေရှိသည်ဟု သုံးသပ်ထားသည်။ ထို့ကြောင့် အနာဂတ်တွင် ငလျင်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်သည်။ သက်တမ်းလွန် အဆောက်အအုံများ ဖယ်ရှား၍ ငလျင်ဒဏ်ခံ အဆောက်အအုံများကို (ဂျပန်နည်းပညာဖြင့်) အစားထိုးဆောက်လုပ်ကြရန်၊ မြို့ကြီးများတွင် ငလျင်ဖြစ်ပေါ်ပါက ဘေးလွတ်ရာသို့ ရှောင်ပြေးနိုင်ရန် ကွင်းကျယ်များ သီးသန့်ထားရှိပြီး ထိုနေရာသို့ အလျင်အမြန်ရောက်နိုင်သော လမ်းကြောင်းများ ဖော်ဆောင်ထားရန်၊ ငလျင်သတင်းများကို သေချာစောင့်ကြည့်၍ သတိပေးချက်များ၊ အသိပညာပေးမှုများကို လုပ်ဆောင်ရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။

**ကိုးကား**

- **Dr.ထွန်းလွင် မိုးလေဝသပညာရှင် ဟောပြောချက်**
- **Knowledge Sharing Platform**
- **Sagaing Fault,Myanmar Earthquake**
- **Geology Earthquake Safety**
- **သင်ရိုးသစ် နဝမတန်းသိပ္ပံ -အခန်း(၄)၊ အခန်း (၅)**

**ခိုင်ခန့်(အမရပူရ)**

# အများပြည်သူ စားဝတ်နေရေး အဆင်ပြေရေးနှင့် ကုန်စျေးနှုန်းတည်ငြိမ်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**အောင်လံ ဧပြီ ၂၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ် အတွင်း အများပြည်သူ စားဝတ်နေရေး အဆင်ပြေရေး၊ ကုန်စျေးနှုန်းတည်ငြိမ်ရေးတို့အတွက် ရည်ရွယ်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ကုန်စျေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်က အဖွင့်အမှာစကား ပြောကြားရာတွင် အောင်လံမြို့နယ်အတွင်းရှိ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များနှင့် အခြားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်ပစ္စည်းများကို စျေးနှုန်းမြှင့်တင်၍ ရောင်းချမှုမရှိစေရန် ပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန ခရိုင်တာဝန်ခံ ဦးကျော်မျိုးမင်းက အောင်လံမြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များအနေဖြင့် ပစ္စည်းများကို စျေးနှုန်းမြှင့်တင်ရန် ရည်ရွယ်၍ ကုန်ပစ္စည်းများ သိုလှောင်ထားခြင်း မပြုလုပ်ရန် ပြောကြားခဲ့သည်။

ဆက်လက်၍ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွန်းက ကုန်စျေးနှုန်းများကို အဆမတန် မြှင့်တင်ရောင်းချမှု မပြုလုပ်ရန်၊ ကုန်စျေးနှုန်းတည်ငြိမ်ရေးအဖွဲ့အနေဖြင့် အချိန်မရွေး ကွင်းဆင်းစစ်ဆေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပြီး အောင်လံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှရွှေက လုပ်ငန်းရှင်များအနေဖြင့် ကုန်စျေးနှုန်းများ အဆမတန်ရောင်းချခြင်းမပြုကြရန် ပြောကြားခဲ့သည်။

အခမ်းအနားသို့ အောင်လံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်ရှိ ဆန်ပွဲရုံပိုင်ရှင်များ၊ ဆောက်လုပ်ရေးပစ္စည်းဆိုင်များ၊ ဆေးဆိုင်များနှင့် အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

အာကာ(ပြန်/ဆက်)



# ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း ဒေသဆိတ်နှင့် အသားတိုးနွားမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မိတ္ထီလာ၊ ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ ညောင်မြင့်အုပ်စု၊ ပျော်ကုန်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဖြင့် ဒေသဆိတ်နှင့် အသားတိုးနွားမွေးမြူရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေးခြင်းကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် အဖွဲ့သည် ပျော်ကုန်းကျေးရွာ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဒေသဆိတ်မွေးမြူရေးအဖွဲ့ နှစ်ဖွဲ့နှင့် အသားတိုးနွားမွေးမြူရေးအဖွဲ့ နှစ်ဖွဲ့တို့မှ မွေးမြူထားရှိသည့်ကောင်ရေများ၊ တိုးပွားလာသည့် ကောင်ရေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့်အစာ၊ ရေနှင့်ဆေးဝါးများအား ကြိုတင်စီမံထားကြရန် လမ်းညွှန်မှာကြားသည်။

ညောင်မြင့်အုပ်စု၊ ပျော်ကုန်းကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဖြင့် အောင်မြင်သူအဖွဲ့မှ ဒေသဆိတ် အမ ၇၅ ကောင်၊ အထီး လေးကောင်၊ စုစုပေါင်း ၇၉ ကောင်အား စက်တင်ဘာလ စတုတ္ထပတ်မှ စတင်မွေးမြူပြီး ယခုလကုန်အထိ တိုးပွားကောင်ရေ အထီး ၁၅ ကောင်၊ အမ ၁၂ ကောင်၊ စုစုပေါင်း ၂၇ ကောင် တိုးပွားလာပြီး ကြီးပွားအောင်အဖွဲ့မှ ဒေသဆိတ် အမ ၇၅ ကောင်၊ အထီး လေးကောင်၊ စုစုပေါင်း ၇၉ ကောင်အား စက်တင်ဘာလ စတုတ္ထပတ်မှ စတင်မွေးမြူပြီး ယခုလကုန်အထိ တိုးပွားကောင်ရေ အထီး ၁၀ ကောင်၊ အမ ၁၆ ကောင်၊ စုစုပေါင်း ၂၆ ကောင် တိုးပွားလာပြီ ဖြစ်သည်။ တိုးတက်အသားတိုးနွားမွေးမြူရေးအဖွဲ့မှ နွားမ ငါးကောင် မွေးမြူထားသည့်အနက် တစ်ကောင်မှာ နွားမလေး တစ်ကောင် တိုးပွားလာပြီဖြစ်ပြီး၊ ခရေ အသားတိုးနွားမွေးမြူရေးအဖွဲ့မှ နွားမ ငါးကောင်မွေးမြူထားသည့်အနက် တစ်ကောင်မှာ နွားမလေး တစ်ကောင် တိုးပွားလာပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံမှ သိရသည်။

(အောက်ပုံ)(၄၆၉)





# လူငယ်အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲကွင်း ဖွင့်လှစ်

**ပူတာအို ဧပြီ ၂၇**

ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ် ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းက ကြီးမှူး၍ လူငယ်ထုအတွင်း အားကစားစိတ်ဓာတ်ရှင်သန်ပြီး မိမိဒေသတွင်း ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွန်းလာစေရန်သာမက နိုင်ငံ့ဂုဏ်ဆောင်ထူးချွန်အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပသော ၂၀၂၅ခုနှစ် မြို့နယ်ရဝမ်စာပေနှင့်ယဉ်ကျေးမှု အသင်းဥက္ကဋ္ဌဖလား အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲကွင်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၃ ရက် မွန်းလွဲ ၂ နာရီက ပူတာအိုခရိုင်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးခေါ်လန်ဒီးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးမဖန်းဆင်ဆုန်းက ဘောလုံးပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများနှင့် ဖွင့်ပွဲအခမ်းအနားတက်ရောက်လာသည့် အားကစားဝါသနာရှင်များက နိုင်ငံတော်အလံအား အလေးပြုကြပြီး ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြကာ မြန်မာနိုင်ငံ ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားသည်။ ထို့နောက် ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနက ပြိုင်ပွဲအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများပေးအပ်လှူဒါန်းရာ မြို့နယ်ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌနှင့် ရဝမ်လူငယ်အဖွဲ့ဥက္ကဋ္ဌတို့က လက်ခံရယူကြပြီး ကွင်းဖွင့်ပွဲအနေဖြင့် ကောင်ကထောင်ရပ်ကွက် ဘောလုံးအသင်းနှင့် ဂါးထုဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကောင်ကထောင်ရပ်ကွက်ဘောလုံးအသင်းက ၆-၀ ဖြင့် အနိုင်ရရှိသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲသို့ ပူတာအိုမြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြိုင်ပွဲဝင်အသင်းပေါင်း ၁၄ သင်း၊ အားကစားသမားပေါင်း ၃၀၀ ကျော်တို့က ဧပြီ ၂၃ ရက်မှ မေ ၈ ရက်အထိ မနက် ပွဲစဉ်တစ်ပွဲ၊ ညနေပိုင်း ပွဲစဉ်နှစ်ပွဲ တစ်ရက်လျှင် သုံးပွဲနှုန်းဖြင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း ပူတာအိုမြို့နယ် ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းမှ သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# ကုန်စည်ရောင်းဝယ်ရေးလုပ်ငန်းများ ရည်ညွှန်းသတ်မှတ်စျေးနှုန်းများအတိုင်း ရောင်းချနိုင်ရေး ညှိနှိုင်းဆွေးနွေး



**ပွင့်ဖြူ ဧပြီ ၂၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ အခြေခံစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ဆေးဝါးပစ္စည်းများနှင့် စိုက်ပျိုးရေးသုံးဆေးဝါးများ စသည့် ကုန်စည်ရောင်းဝယ်ရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး ပြည်သူများထံ ဖြန့်ဖြူးရောင်းချရာ၌ ရည်ညွှန်းသတ်မှတ်စျေးနှုန်းများအတိုင်း ရောင်းချနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၆ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗိုလ်ဥတ္တမအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းလင်းအောင်က ဒေသတွင်း ကုန်စည်ရောင်းဝယ်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အခြေခံ စားသောက်ကုန်ပစ္စည်းများ၊ ကျန်းမာရေးသုံးဆေးဝါးပစ္စည်းများနှင့် လယ်ယာလုပ်ငန်းသုံး ဆေးဝါးပစ္စည်းများကို ဖြန့်ဖြူးရောင်းချရာ၌ သတ်မှတ်ရည်ညွှန်းစျေးနှုန်းများအတိုင်း ရောင်းဝယ်မှုများ ဆောင်ရွက်သွားကြစေလိုကြောင်း၊ သက်ဆိုင်ရာစစ်ဆေးရေးအဖွဲ့များက ရောင်တစ်ခင်စစ်ဆေးသည့်အခါတွင် ရည်ညွှန်းစျေးထက် စျေးနှုန်းမြှင့်တင်ရောင်းချခြင်းများ စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် ဌာနဆိုင်ရာများက ကုန်စည်ရောင်းဝယ်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး လုပ်ငန်းရှင်နှင့် ပြည်သူများ အဆင်ပြေစွာ ကုန်စည်ဖြန့်ဖြူးရောင်းဝယ်နိုင်ရေးအတွက် ကုန်ပစ္စည်းအမျိုးအစားအလိုက် ရောင်းချသင့်သော ရည်ညွှန်းစျေးနှုန်းများကို ဆွေးနွေးတင်ပြကြပြီး စီးပွားရေးလုပ်ငန်းရှင်များက ဒေသတွင်း ကုန်စည်ရောင်းဝယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် စီမံအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်၊ ကုန်စုံဆိုင်၊ လူသုံးကုန်ဆေးဝါးအရောင်းဆိုင်များနှင့် စိုက်ပျိုးရေးဆေးပစ္စည်းအရောင်းဆိုင်များမှ ဖိတ်ကြားထားသည့် စီးပွားရေးလုပ်ငန်းရှင် ၆၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။(အပေါ်ဝဲပုံ)

(၄၄၅)



## တောင်ကြီးမြို့၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးဖွင့်ပွဲ ကျင်းပ

**တောင်ကြီး ဧပြီ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်ရှိ မြို့နယ်ကျန်းမာရေးရုံး၌ ဧပြီ ၂၃ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး RC သုံးထပ်အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပသည်။

ရှေးဦးစွာ အဆောက်အအုံသစ်အား ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့်ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမှတ်တမ်းကြေးပြားအား အမွှေးနံ့သာရည် ပက်ဖျန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးက တောင်ကြီးမြို့နယ်ရုံး ဆောက်လုပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ၄င်းနောက် အဆောက်အအုံသစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်ပြီး ရုံးအဆောက်အအုံကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ အလျား ပေ ၆၀၊ အနံ ၄၁ ပေခွဲရှိ RC သုံးထပ်အဆောက်အအုံသစ်ကို ၂၀၂၄ ခုနှစ် ဧပြီ ၆ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန၏ နိုင်ငံတော်ဘတ်ဂျက်ဖြင့် အဆောက်အအုံ အထူးအဖွဲ့(၁၁)မှ တာဝန်ယူဆောက်လုပ်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အပြီးဆောက်လုပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၃၆၈)

## နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ဧက ၄၀၀ စိုက်ပျိုးပြီးစီး

**မိတ္ထီလာ ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ဧက ၄၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတွင် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိတ္ထီလာမြို့နယ်အတွင်းရှိ မိတ္ထီလာကန်၊ မုန်တိုင်၊ ချောက်ကောက်ဆည်ရေများဖြင့် နွေစပါးစိုက်ဧက ၄၀၀ အား နိုင်ငံ့စီးပွားမြင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးသွားရန် လျာထားသတ်မှတ်ခဲ့ပြီး ၄င်းလျာထားသတ်မှတ်ထားသည့် စိုက်ဧကများ သတ်မှတ်လျာထားချက်ပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံစိုက်ပျိုးရေးတောင်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ်၌ နိုင်ငံ့စီးပွားမြင့်တင်ရေး ရန်ပုံငွေဖြင့် ထမုန်ကန်ကျေးရွာအုပ်စု စက်ပစ်တောင်ကျေးရွာရှိ တောင်သူ ၇၆ ဦးမှ ကွင်း သုံးကွင်းဖြင့် နွေစပါးစိုက်ပျိုးဧက ၁၉၊ ညောင်ကိုင်ကျေးရွာအုပ်စု ညောင်ကိုင်ကျေးရွာရှိ တောင်သူ ၂၇ ဦးမှ ကွင်းတစ်ကွင်းဖြင့် နွေစပါးစိုက် ဧက ၆၀၊ ကွက်ငယ်ကျေးရွာအုပ်စု ကွက်ငယ်ကျေးရွာရှိ တောင်သူ ၂၈ ဦးမှ ကွင်းနှစ်ကွင်းဖြင့် နွေစပါးစိုက်ဧက ၅၀ နှင့် ကန်နီကျေးရွာအုပ်စုမကြီးစုကျေးရွာတွင် တောင်သူ ၄၇ ဦးမှ ကွင်းနှစ်ကွင်းဖြင့် နွေစပါးစိုက်ဧက ၁၀၀ တို့ကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၄၆၉)



## ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

**ပွင့်ဖြူ ဧပြီ ၂၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းလင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သန်းအေးက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း ရည်မှန်းချက်များနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းရည်မှန်းချက်များအကြောင်းကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ တာဝန်များပေးအပ်ခဲ့ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းအင်းဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြန်မာ့စီးပွားရေးဘဏ်ခွဲနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

(ဓာတ်ပုံ)

(၄၄၅)

## ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေ

**ပခုက္ကူ ဧပြီ ၂၇**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်အတွင်းရှိ ပြည်သူများ ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းလုပ်ငန်းကို ဧပြီ ၂၂ ရက် နံနက် ၈နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေရာတွင် ပခုက္ကူခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်နုနုဝင်းနှင့်ဝန်ထမ်းများ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ငလျင်သဘာဝဘေးအန္တရာယ်၏အဓိပ္ပာယ်နှင့် ငလျင်အမျိုးအစားများ၊ ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ငလျင်ဘေးဖြစ်ပွားစဉ်နှင့် ဖြစ်ပွားပြီးနောက် ပြည်သူများ လိုက်နာဆောင်ရွက်ရမည့်အချက်များ ပါဝင်သည့် ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ ပြည်သူများ၊ ခရီးသွားပြည်သူများထံ ကွင်းဆင်းဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

(၃၄၀)

## မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးသွားသော အခြေခံပညာစာသင်ကျောင်းများအား ပြန်လည်ထူထောင်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ကျောက်ဆည် ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးသွားသော အခြေခံပညာစာသင်ကျောင်းများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ပြန်လည်ထူထောင်ရှင်းလင်းရေးလုပ်ငန်းများကို ဧပြီ ၂၃ ရက် နံနက်ပိုင်းက ဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ကျောက်ဆည်ခရိုင်ပညာရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းကော်မတီအဖွဲ့ဝင်များ၊ ကျောင်းသားမိဘများ၊ သက်ဆိုင်ရာရပ်၊ ကျေးအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများဖြင့် ပူးပေါင်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ရှင်းလင်းရာတွင် အခြေခံပညာစာသင်ကျောင်း ၁၈၆ ကျောင်းရှိသည့်အနက်မှ မျက်နှာကြက်နှင့် နံရံထိခိုက်ပျက်စီးခဲ့သည့် အထက်တန်းကျောင်း ၁၁ ကျောင်း၊ အထက်တန်းကျောင်းခွဲ ခြောက်ကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ ခြောက်ကျောင်း၊ မူလွန်ကျောင်း ၁၆ ကျောင်း၊ အမက ၆၇ ကျောင်းနှင့် အုတ်တံတိုင်းပြိုကျပျက်စီးခဲ့သည့် ကျောင်း ၁၄ ကျောင်း၊ စုစုပေါင်း ၁၂၂ ကျောင်း ထိခိုက်ပျက်စီးခဲ့ရာ ယခု ဧပြီ ၂၂ ရက်မှစတင်၍ စာသင်ကျောင်းများကြီးကြပ်နိုင်ရေး ကျောင်းဖွင့်အမီ နှစ်သုတ်တက်၊ တစ်သုတ်တက်အဖြစ် ကျောင်းများဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဓာတ်ပုံ)

စုစုအေး(ကျောက်ဆည်)

# မင်းဘူး(စကု)မြို့နယ်၌ တောင်မန်းလက်တံမြောင်းများနှင့် ကျောက်စံဓာတ်အားပေးစနစ် ရေတင်လုပ်ငန်းမှ သီးနှံစုံ ၁၈၂၂ ဧက ရေပေးဝေစိုက်ပျိုးနိုင်



**မင်းဘူး မေ ၂၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၌ အိုင်းမရေလွှဲဆည်မှ လက်တံမြောင်းများနှင့် ကျောက်စံဓာတ်အားပေးစနစ် ရေတင်လုပ်ငန်းများမှ ရေပေးဝေမှုများနှင့် သီးနှံစိုက်ခင်းများ၏ အခြေအနေများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယမန်နေ့ နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ ရေပေးဝေစိုက်ပျိုးရာတွင် အိုင်းမရေလွှဲဆည်မှ လက်တံမြောင်း ၁၊ ၂၊ ၃ မှ ၁၀၆၇ ဧက၊ ကျောက်စံလျှပ်စစ်ရေတင်နှင့် ဆိုလာဓာတ်အားပေးစနစ် ရေတင်လုပ်ငန်းတို့မှ ၇၅၅ ဧက ရေဖြန့်ဖြူးပေးနိုင်တာကြောင့် စုစုပေါင်း သီးနှံစုံ ၁၈၂၂ ဧက ရေပေးဝေစိုက်ပျိုးနိုင်ကြောင်း မင်းဘူးမြို့ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးထံမှ သိရသည်။

ယင်းရေပေးဝေထားသည့် စိုက်ခင်းများဖြစ်သည့် တောင်မန်းကျေးရွာ၊ ရေပုတ်ကျေးရွာ၊ ကျောက်စံကျေးရွာများမှ နှမ်းနှင့် နှမ်းစပါးစိုက်ခင်းများ ရေသက်ရောက်မှုနှင့် အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးလွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ရေပေးဝေထားနိုင်မှုနှင့် သီးနှံစိုက်ခင်းများ၏ အခြေအနေများကို ရှင်းလင်းတင်ပြပေးခဲ့ကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၅၀၄)

# ပုသိမ်ကြီးမြို့နယ်တွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး



**ပုသိမ်ကြီး မေ ၂၇**

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း ဈေးနှုန်းများ မြင့်တက်မှုမရှိစေရေး၊ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးတို့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးငြိမ်းစံနှင့် ပူးပေါင်းအဖွဲ့များသည် ယမန်နေ့ နံနက်ပိုင်းက အုန်းချောကျေးရွာရှိ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအရောင်းဆိုင်များသို့ လှည့်လည်ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မျိုးအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ခိုင်ကျော်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဒေါ်ညိုညိုစမ်းနှင့်ဝန်ထမ်းများ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန စုံစမ်းရေးမှူး ဦးဇော်မော်ဟိန်းနှင့် တပ်ဖွဲ့ဝင်များသည် အုန်းချောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇော်ငြိမ်းနှင့် အဖွဲ့ဝင်များ ပူးပေါင်းလိုက်ပါ၍ ကွင်းဆင်း စစ်ဆေးမှုတွင် ပူးပေါင်းအဖွဲ့အနေဖြင့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ ဈေးနှုန်းမြှင့်တင်ရောင်းချမှုမရှိစေရေးနှင့် ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများဖြင့်သာ ရောင်းချစေရေးတို့အတွက် အသိပညာပေး ထိန်းသိမ်းကြပ်မတ်ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) (၀၉၅)

# စုပေါင်းရှင်းလင်းရေး လုပ်ငန်းများဆောင်ရွက်

**ပျော်ဘွယ် မေ ၂၇**

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့သည့် ... ထီးတော်မြေခခဲ့သည့် ပျော်ဘွယ်မြို့၊ ပြည်သာယာရပ်ကွက်ရှိ မြကျိုင်းတောင်စေတီတော်အတွင်း စုပေါင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို မေ ၂၆ ရက်၊ နံနက် ၇ နာရီက အဆိုပါစေတီတော်၌ ပြုလုပ်သည်။

မန္တလေးမြေငလျင်ကြီးကြောင့် ဉာဏ်တော်(၁၀၈)တောင်ရှိ စေတီတော်၏ ထီးတော်မြေခခြင်း၊ စေတီအတွင်း တည်ထားကိုးကွယ်သည့် ဘုရားများ ပြိုကျပျက်စီးခြင်း၊ အရန်စေတီတော်များ ပြိုကျပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး စေတီတော်အတွင်း စက်ယန္တရားများ ဝင်ရောက်ရန် ခက်ခဲခြင်းကြောင့် လူအင်အားဖြင့် စုပေါင်း ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရခြင်းဖြစ်သည်။

စုပေါင်း ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာစိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်သူလူထု ပူးပေါင်းပါဝင်သည့် အဖွဲ့များဖြင့် စုပေါင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)



# Sky Villa Condo ရှာဖွေကယ်ဆယ် ရှင်းလင်းရေးလုပ်ငန်းမှ အမျိုးသားတစ်ဦး၏ ရုပ်အလောင်းအား ထပ်မံရှာဖွေတွေ့ရှိ

**မန္တလေး မေ ၂၇**

Sky Villa Condo ရှာဖွေ၊ ကယ်ဆယ်ရှင်းလင်းရေးလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းတွင် Myanmar Rescue Team မှ အင်အားများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မန္တလေးမြို့တော်စည်ပင်မှ ဝန်ထမ်းများ၊ စက်ယန္တရားများဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့ရသော အဆိုပါ Sky Villa Condo အား မတ်လ ၂၈ ရက်မှ စတင်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ရာ မေ ၂၇ ရက် ယနေ့တွင် သေဆုံးသူ အမျိုးသားတစ်ဦး၏ ရုပ်အလောင်းအား ထပ်မံရှာဖွေတွေ့ရှိခဲ့ပြီး ယနေ့အချိန်ထိ အသက်ရှင်လျက်ရှိသူ ၅၂ ဦးအား ကယ်တင်နိုင်ခဲ့ကာ သေဆုံးသူ ၁၀၇ ဦးတို့၏ ရုပ်အလောင်းများအား ရှာဖွေနိုင်ခဲ့၍ ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



| အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၄) အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဘုန်းမောက် | ၁ - ၁ | မန်ယူ |

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၄)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ကိုမို | ၁ - ၀ | ဂျီနိုအာ |
| ပင်းနစ်ဇီးယား | ၀ - ၂ | အေစီမီလန် |
| ဖီအိုရင်တီးနား | ၂ - ၁ | အမ်ပိုလီ |
| အင်တာမီလန် | ၀ - ၁ | ရိုးမား |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| အန်ဂါစ် | ၀ - ၂ | လိုင်လီ |
| နန့်တက်စ် | ၀ - ၀ | တူးလော့ |
| မောင့်ပယ်လီယာ | ၀ - ၀ | ရမ်းစ် |
| လန်းစ် | ၀ - ၄ | အော်ဇေး |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၆)ပွဲကျန် အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဗီလာရီးရဲလ် | ၁ - ၀ | အက်စ်ပန်ညို |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဘိုချန် | ၁ - ၁ | ယူနီယံဘာလင် |

# နေ့အပူရှိန်မြင့်တက်ခြင်းကြောင့် အအေးရာအေးကြောင်း ရှာဖွေသူများလာသဖြင့် အအေးဆိုင်များပါအရောင်းသွက်

**မန္တလေး မေ ၂၇**

ယခုရက်ပိုင်း နေ့အပူချိန် တောက်လျှောက်မြင့်တက်ခြင်းကြောင့် အပူဒဏ်ပြင်းထန်လာသဖြင့် အပူဒဏ် ခံတွင်းအံ့တုနိုင်သည့် အအေးဓာတ်ပေးသည့် အအေးဆိုင်နှင့် အဲကွန်းဖွင့်ထားသည့်ဆိုင်များတွင် လူစည်ကားနေကြောင်း သိရသည်။

နေအပူရှိန်ကြောင့် နေ့ခင်းပိုင်းနှင့် ညနေပိုင်းအချိန်များတွင် ရန်ကုန်မြို့ရှိ အအေးဆိုင်များမှာ အအေးသောက်သုံးကြသူများနှင့် ရေခဲသုပ်၊ ရေခဲခြစ်၊ ဒိန်ချဉ် ဝယ်သူယခင်ထက် များလာကြောင်း အအေးဆိုင်ဖွင့်ထားသူတစ်ဦးက ပြောသည်။

"နေကပြင်းတော့ လူတွေက ချွေးတွေထွက်ပြီးတော့ ရေငတ်တော့ အအေးလာသောက်ကြတယ်။ ဒီလိုနွေရာသီဆိုရင် အအေးတို့၊ ကြံရည်တို့၊ ဒိန်ချဉ်တို့က တအားရောင်းရတယ်။ နောက်ပြီးတော့ ရေခဲခြစ်တို့၊ ရေခဲသုပ်တို့လည်း ရောင်းရတယ်။ လက်မလည်ဘူး၊ တစ်ရက်ကို ပျမ်းမျှ ရှစ်သောင်းနဲ့ တစ်သိန်းနီးနီးလောက်ကို ရောင်းရတယ်။ မနက်ပိုင်းဆိုင်ဖွင့်ချိန်ကနေ ညပိုင်းအထိကို ရောင်းရတာ"ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ဖီးဖျော်ရည်၊ ဘာလီဖျော်ရည်၊ မန်ကျည်းဖျော်ရည်နှင့် ကြံရည်အပါအဝင် တခြားဖျော်ရည်များမှာ အဆိုပါ လမ်းဘေးအအေးဆိုင်များတွင် တစ်ခွက်လျှင် ငွေကျပ် ၁၀၀၀ နှုန်းရှိပြီး အိုးလေးဒိန်ချဉ်နှင့် ရေခဲခြစ်၊ ရေခဲသုပ်များမှာ တစ်ခွက်လျှင် ငွေကျပ် ၁၅၀၀ အထိရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

# မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသားဘော်လီဘောဗိုလ်လုပွဲယှဉ်ပြိုင်၊ မန်းအောင်ဆွေလင်းကလပ်အသင်း အနိုင်ရဗိုလ်စွဲ

**မန္တလေး ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့်တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌဖလား အသက် ၃၀နှစ်အောက် အမျိုးသားဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲကို ဧပြီ ၂၆ ရက် နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ ဘော်လီဘောလေ့ကျင့်ရေးကွင်းတွင် ကျင်းပခဲ့သည်။



အဆိုပါပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်း(အောင်သမာဓိစိန်ရွှေရတနာဆိုင်နှင့်ရွှေသန့်စင်လုပ်ငန်း)၊ အား/ကာသိပ္ပံကျောင်း ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီအတွင်းရေးမှူး ဦးမြင့်ဆွေ၊ တွဲဖက်အတွင်းရေးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးတင့်ဝေနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းတို့မှ အုပ်ချုပ်သူ နည်းပြများ၊အားကစားသမားများနှင့် ဖိတ်ကြားထားသူများ၊အားကစားဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြသည်။

အဆိုပါအမျိုးသားဘော်လီဘောပြိုင်ပွဲ တတိယဗိုလ်လုပွဲတွင် ကျွဲရေကန်အသင်းက အောင်မြေအသင်းကို သုံးပွဲပြတ်ဖြင့်နိုင်ကာ တတိယဆုရရှိပြီး ဗိုလ်လုပွဲတွင် မန်းအောင်ဆွေလင်းအသင်းနှင့် ပန်းခြံလူငယ်အသင်းတို့အကျိတ်အနယ် ယှဉ်ပြိုင်ကြရာ မန်းအောင်ဆွေလင်းအသင်းက ပန်းခြံလူငယ်အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။ ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌမှ ပြိုင်ပွဲကြီးကြပ်ဒိုင်အဖွဲ့ဝင်များကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပြီး စတုတ္ထဆုရ အောင်မြေသာစံအသင်းအား ဆုငွေကျပ် ငါးသိန်း၊ တတိယဆုရ ကျွဲရေကန်အသင်းအား ဆုတံဆိပ်နှင့် ဆုငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုရ ပန်းခြံလူငယ်အသင်းအား ဆုတံဆိပ်နှင့် ဆုငွေကျပ် သိန်း ၂၀ကို တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီအတွင်းမှ ဦးမြင့်ဆွေနှင့် ဆပ်ကော်မတီဝင်များက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်း(အောင်သမာဓိစိန်ရွှေရတနာဆိုင်နှင့် ရွှေသန့်စင်လုပ်ငန်း)မှ ပထမဗိုလ်စွဲသော မန်းအောင်ဆွေလင်းကလပ် ဘော်လီဘောအသင်းအား ဆုငွေကျပ် သိန်း ၃၀၊ ပထမဆုတံဆိပ်နှင့် တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ကာ ဂုဏ်ပြုအမှာစကား ပြောကြား၍ စုပေါင်းအမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ) (ဝ၄ဝ)

# မဟာအောင်မြေမြို့နယ်အတွင်းရှိ ငလျင်ကယ်ဆယ်ရေးစခန်းများတွင် ရေအရင်းအမြစ်များအား ကလိုရင်းဆေးခတ်၊ ရေသန့်ဆေးပြားများ ဖြန့်ဝေ

**မန္တလေး ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများသည် ဧပြီ ၂၆ ရက်က မဟာအောင်မြေမြို့နယ်အတွင်းရှိ ငလျင်ကယ်ဆယ်ရေးစခန်းများတွင် ရေအရင်းအမြစ်များအား ကလိုရင်းဆေးခတ်ခြင်း၊ အဘိတ်ခတ်ခြင်း၊ အိမ်သာနှင့် ယင်အုံနေရာများ ဆေးဖျန်းခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ လက်သန့်ဆေးရည်များဖြန့်ဝေခြင်း၊ ရေသန့်ဆေးပြားများ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်နှင့်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များသည် ဧပြီ ၂၆ ရက်က ငလျင်ကယ်ဆယ်ရေးစခန်းများနှင့် ရပ်ကွက်များအတွင်း ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မေးခိုင်ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ဝမ်းပျက်၊ဝမ်းလျှောရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (ဝ၄၅)



ကျေးရွာသစ်တော၊
ထင်းမျောအိမ်တိုင်
လိုင်လိုင်ရဖို့
စိုက်ပျိုးစို့ ။



# အများပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**သရက် ဧပြီ ၂၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ အများပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း အခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပေးခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးက အများပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရေး ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များနှင့် ပတ်သက်၍ ပြောကြားပေးခဲ့သည်။ ဆက်လက်၍ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်တာဝန်ခံ ဦးအုန်းမြင့်က လုပ်ငန်းရှင်များ အနေဖြင့် ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရန်ရည်ရွယ်၍ ကုန်ပစ္စည်းများ သိုလှောင်ထားခြင်းမပြုရန် ပြောကြားပေးခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသိန်းဌေးက အိမ်ဆောက်ပစ္စည်းဆိုင်များနှင့် အခြားစီးပွားရေးရှင်များ ကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်၍ ရောင်းချမှုမရှိစေရေး ပြောကြားပေးခဲ့ကာ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန စုံစမ်းရေးမှူး ဦးဝင်းမောင်မောင်ကျော်တို့က အများပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရေး ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက တင်ပြဆွေးနွေးမှုများအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) ဇော်ထက်(သရက်)

# သခွားစိုက်ပျိုးတောင်သူများ ဈေးကောင်းရရှိ၍ အဆင်ပြေ

**ပင်းတယ ဧပြီ ၂၇**

စိုက်ပျိုးရေးကို အဓိကအခြေခံကာ စီးပွားဖြစ် လုပ်ကိုင်စားသောက်ကြသည့် ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အနီးကျေးရွာများရှိ ရေခံ့စိုက်ပျိုးရေးလုပ်ငန်းများတွင် သခွားစိုက်တောင်သူများ စီးပွားရေးအဆင်ပြေလျက်ရှိသည်။

ယခုကဲ့သို့ ရေရှားပါးသည့် နွေရာသီတွင် ပင်းတယမြို့နယ်၊ ကျောက်စုကျေးရွာအုပ်စု၊ကိုးလုံးကျေးရွာရှိ ပဲနောက်အင်းရေခံ့မှ ရေသွင်းစိုက်ပျိုးသည့် သခွားသီးများ ဈေးကောင်းရရှိသဖြင့် စိုက်ပျိုးတောင်သူများ လူမှုစီးပွားရေး အဆင်ပြေလျက်ရှိသည်။ ရေခံ့လုပ်ငန်းဖြင့် သခွားစိုက်ပျိုးရောင်းချခြင်းနှင့် ပတ်သက်၍ "ကျွန်တော်တို့ မိသားစုက သခွားသီးကို ကိုယ်ပိုင်လယ်မြေပေါ်မှာ အခုလို နွေရာသီ မိုးရေမရရှိတဲ့ အချိန်မှာ ပဲနောက်အင်းက ရေကို တင်ပြီး စိုက်ခင်းထဲကို ရေသွင်းစိုက်ပျိုးပါတယ်။ အခုလက်ရှိ သခွားသီးဈေးနှုန်းကတော့ အရွယ်အစားအလိုက် တစ်လုံးကို အနည်းဆုံး ငွေကျပ် ၅၀၀ ကနေ ၁၀၀၀ အထိ ရောင်းချရပြီး မိုးရာသီ မိုးရေရတဲ့အချိန်ကျတော့ ရေသွင်းစရာမလိုဘဲ စိုက်ပျိုးရောင်းချခြင်းဖြင့် တစ်နှစ်ပတ်လုံး ဝင်ငွေရတဲ့အတွက် ကလေးတွေ ကျောင်းစရိတ်အပြင် မိသားစုစားဝတ်နေရေး အဆင်ပြေတာပေါ့"ဟု ကိုးလုံးကျေးရွာမှ သခွားစိုက်တောင်သူတစ်ဦးက ပြောကြားခဲ့သည်။

ပင်းတယမြို့နယ်ရှိ ရေခံ့စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည့် သခွားစိုက်ပျိုးသူများအနေဖြင့် သခွားပင်ပျိုးပင်မျိုးအား ဖေဖော်ဝါရီလကုန်ပိုင်းမှ စတင်စိုက်ပျိုးထားပြီး ယခု ဧပြီလဆန်းပိုင်းတွင် ခူးဆွတ်ရောင်းချနိုင်ပြီဖြစ်ကြောင်း၊ ယခုလိုအချိန်မှာ သခွားသီးဈေးကောင်းရရှိသည့်အတွက် မိသားစုဝင်ငွေရရှိပြီး အဆင်ပြေလျက်ရှိကြောင်းနှင့် တစ်နှစ်ပတ်လုံး ရေခံ့လုပ်ငန်းများဖြင့် သခွားပင်များအပြင် အခြားသီးနှံများကိုလည်း အလှည့်ကျစိုက်ပျိုးရောင်းချလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



# နမ့်ဖေးကျေးရွာနှင့် နမ့်ဖေးရေတံခွန် ချိတ်ဆက်တံတား ဆောက်လုပ်

**ကျောက်တလုံးကြီး ဧပြီ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့ ကက္ကူကျေးရွာအုပ်စု၊ နမ့်ဖေးကျေးရွာတွင် နွေရာသီကာလ ခရီးသွားပြည်သူများ စိတ်အပန်းဖြေနိုင်ရေးနှင့် အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် နမ့်ဖေးကျေးရွာနှင့် ရေတံခွန်သို့ ချိတ်ဆက်တံတားအား ဧပြီ ၂၆ ရက် နံနက် ၉ နာရီမှစတင်၍ ဆောက်လုပ်လျက်ရှိသည်။

အဆိုပါ တံတားဆောက်လုပ်နေမှုအခြေအနေကို တောင်ကြီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးခွန်သူရအောင်၊ကျောက်တလုံးကြီး မြို့အုပ်ချုပ်ရေးမှူး ဦးသက်နိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများမှ ကွင်းဆင်းကြည့်ရှုကြပြီး ဒေသခံပြည်သူများမှ တံတားတိုင်စိုက်ထူခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိသည်။

အရှည် ၁၂၀ ပေ၊ အကျယ် ၁၅ ပေရှိ နမ့်ဖေးတံတားအား အချိန်မီပြီးစီးနိုင်ရေး ကျေးရွာရန်ပုံငွေမှ ငွေကျပ် ၂၈၈ သိန်း၊ နိုင်ငံတော်မ,တည်ငွေ သိန်း ၄၀၀ ဖြင့် ဆောက်လုပ်လျက်ရှိပြီး တံတားဆောက်လုပ်ပြီးစီးပါက နမ့်ဖေးရေတံခွန်သို့ အပန်းဖြေလာရောက်ကြမည့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနမှ ကော်မတီလုပ်ငန်းများတွင် အသုံးပြုရန် ဒီဇယ်ဆီ(၃၅၀၀၀၀)ဂါလန်၊ Octane-92(၅၀၀၀၀)ဂါလန်နှင့် ပရီမီယမ်ဒီဇယ်ဆီ(၁၅၀၀၀၀)ဂါလန် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၅-၅-၂၀၂၅ရက်
(ခ) တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၇-၅-၂၀၂၅ရက်
(ဂ) လျှောက်လွှာရောင်းချမည့်နေရာ - ၆၂လမ်း၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန
(ဃ) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေ့ရက် - ၁၃-၅-၂၀၂၅ရက်
(င) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေရာ - ၂၆လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
(စ) တင်ဒါပုံစံဈေးနှုန်းများမှာ - ဒီဇယ်ဆီ ကျပ် ၅၀၀၀၀/- ; Octane-92 ကျပ် ၁၀၀၀၀/- ; ပရီမီယမ်ဒီဇယ်ဆီ ကျပ် ၃၀၀၀၀/-

၂။ စက်သုံးဆီသွင်းကုန်လိုင်စင်(Fuel import License)တင်ပြနိုင်သော ကုမ္ပဏီဖြစ်ရမည်။
၃။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများအားလုံးကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်ရုံနှင့် မော်တော်ယာဉ်ဌာန ဖုန်းနံပါတ် ၀၂-၄၀၈၀၁၅၇၊ ၀၂-၄၀၈၀၃၁၆၊ ၀၉-၄၄၄၀၁၅၀၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

**လျှပ်စစ် သုံး လျှင် သတိ ယှဉ် ဝန်အား မမျှ မသုံး ရ။**

## အများသိစေရန် ပြန်လည်ကြေညာခြင်း

(၂၅-၄-၂၀၂၅)ရက်နေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာ၏ စာမျက်နှာ(၂၃)တွင် ဖော်ပြထားသော အများသိစေရန် ကြေညာခြင်းတွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားသည့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၄)၊ ဦးပိုင်အမှတ်(၁၉၇နှင့် ၁၉၈)ဟုခေါ်တွင်သော စုစုပေါင်းဧရိယာ(၆၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်အား ဤကြေညာပါသည့်ရက်မှစ၍ အရောင်းအဝယ်ပြုလုပ်မှု ပျက်ပြယ်ကြောင်း အများသိစေရန် ပြန်လည်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းအိရွှေစင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**မမ-၂၇၊ မြရည်နန္ဒာအိမ်ရာ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၃၁၉၉၉**

## Golden City Hotel မှ သေဆုံးသူ ရုပ်အလောင်း တစ်လောင်း ထပ်မံတွေ့ရှိ

**မန္တလေး ဧပြီ ၂၇**

မန္တလေးငလျင်ကြီးဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော မန္တလေးမြို့၊ လမ်း၃၀၊ လမ်း၇၀နှင့် ၇၁လမ်းကြားရှိ Golden City Hotel အဆောက်အအုံအား ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်စဉ် ယနေ့ နံနက် ၁၀ နာရီ ၅ မိနစ်ခန့်တွင် ရှာဖွေရန် ကျန်ရှိနေသော သေဆုံးသူ အမျိုးသမီးတစ်ဦး၏ ရုပ်အလောင်းအား ထပ်မံရှာဖွေ တွေ့ရှိခဲ့သည်။

အဆိုပါ ရှာဖွေရှင်းလင်းရေးလုပ်ငန်းများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပြင်ဦးလွင်မြို့နယ် ဖီးပင်ကြီးတို့မှ မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)** **(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ယာဉ်မောင်းသူများ လိုက်နာရန်

-မြို့တွင်းတစ်နာရီ (၄၈ ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
-အရက်သောက်လျှင် (လုံး၀) ကား မမောင်းရ၊ ဆိုင်ကယ် မစီးရ။
-ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
-(မီးနီ၊ မီးဝါ) လုံး၀ ဖြတ်မမောင်းရ၊ မစီးရ။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## "ဆိုင်အမည်အမှတ်တံဆိပ် အများသိစေရန် အသိပေးကြေညာခြင်း"

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၅၆ (အေ) လမ်း၊ ၁၀၂ × ၁၀၃ လမ်းကြားနေ **ဦးပိုင်မင်းခန့်** (ဘ) ဦးခင်မောင်ကြည် [၉/ပဥလ (နိုင်) ဝ၈၃၇၈၂] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်။

Malory clothing

မှတ်ပုံတင်စာချုပ် အမှတ် ( ၆၁၁/၂၀၂၅ )

ကျွန်ုပ်၏ မိတ်ဆွေမှ **" Malory clothing "** ဆိုင်အမည်အမှတ်တံဆိပ်ကို မန္တလေးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ ဆိုင်အမည်အမှတ်တံဆိပ် မှတ်ပုံတင် မြွက်ဟကြေညာစာတမ်း စာချုပ် အမှတ် (၆၁၁/၂၀၂၅) အရ ဥပဒေနှင့်အညီ တရားဝင် မှတ်ပုံတင်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေမှ **" Malory clothing "** ဆိုင်အမည်အမှတ်တံဆိပ်ဖြင့် **"အမျိုးသား ၊ အမျိုးသမီးဝတ် အဝတ်အထည်အမျိုးမျိုးရောင်းဝယ်ရေး"** တို့ကို အသုံးပြုခွင့်လုပ် ကိုင်လျက်ရှိရာ လူအများနှစ်သက်စွာအထူးအားပေးသုံးစွဲလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏ မိတ်ဆွေမှ တရားဝင်မှတ်ပုံတင်သွင်းပြီးဖြစ်သော အထက်ဖော်ပြပါ **" Malory colthing "** **"အမျိုးသား ၊ အမျိုးသမီးဝတ် အဝတ်အထည်အမျိုးမျိုးရောင်းဝယ်ရေး"** ဆိုင်အမှတ်တံဆိပ်အား တစ်ခုလုံးကိုဖြစ်စေ ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ၊ တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း ၊ အခြားဘာသာ စကားတို့ဖြင့်သော် လည်းကောင်း ၊ တုပပြီး ကျွန်ုပ်မိတ်ဆွေနှင့် ကုန်ပစ္စည်းတူများကို ထုတ်လုပ်ရောင်းချခြင်း၊ အသုံးပြုလုပ်ကိုင်ခြင်း မပြုလုပ်ရန် သတိပေးကြေညာလိုက်ပါသည်။ ဆင်တူယိုးမှား တုပသုံးစွဲပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရေန် သတိပေးကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်စိုင်ဓမလွင် (LL.B, DIL) (အထက်တန်းရှေ့နေ)**
၅၇×၅၈ လမ်းကြား၊ ၃၈(E) လမ်း၊ မဟာအောင်မြေမြို့နယ် ၊ မန္တလေးမြို့။ **(၀၉-၄၀၂၅၈၀၉၂၁)**

## ကုန်အမည်အမှတ်တံဆိပ် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၅၆(အေ)လမ်း၊ ၁၀၆လမ်းနှင့် ၁၀၇လမ်းကြားနေ ဦးမင်းခန့်ကျော်(ဘ)ဦးကျော်နိုင်ဌေး(၅/မရန(နိုင်)၃၃၃၃၈၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်။

REVEL RICH

**မှတ်ပုံတင်စာချုပ်အမှတ်(၇၁၀/ ၂၀၂၅)**

ကျွန်ုပ်၏မိတ်ဆွေမှ ကုန်အမည်အမှတ်တံဆိပ်ကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ ကုန်အမည်အမှတ်တံဆိပ် မှတ်ပုံတင်မြွက်ဟကြေညာစာတမ်း စာချုပ်အမှတ်(၇၁၀/၂၀၂၅)အရ ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်သွင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမှ ကုန်အမည်အမှတ်တံဆိပ်ဖြင့် **'အမျိုးသား၊ အမျိုးသမီးဝတ် အဝတ်အထည်အမျိုးမျိုး'** တို့ကို ဒီဇိုင်းအမျိုးမျိုးဖြင့် ထုတ်လုပ်ရောင်းချလျက်ရှိရာ လူအများနှစ်သက်စွာ အထူးအားပေး သုံးစွဲလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေမှ တရားဝင်မှတ်ပုံတင်သွင်းပြီးဖြစ်သော အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အခြားဘာသာစကားတို့ဖြင့်သော်လည်းကောင်း၊ တုပပြီး ကျွန်ုပ်မိတ်ဆွေနှင့် ကုန်ပစ္စည်းတူများကို ထုတ်လုပ်ရောင်းချခြင်း၊ အသုံးပြုလုပ်ကိုင်ခြင်း မပြုလုပ်ရန် သတိပေးကြေညာလိုက်ပါသည်။ ဆင်တူယိုးမှား တုပသုံးစွဲပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားမကြောင်းအရသော်လည်းကောင်း၊ ရာဇဝတ်ကြောင်းအရသော်လည်းကောင်း တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုင်မေလွင် (LL.B, D.I.L) အထက်တန်းရှေ့နေ**
**၅၇လမ်းနှင့် ၅၈လမ်းကြား၊ ၃၈(E)လမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၈၀၉၂၁**

## ကုန်အမည်အမှတ်တံဆိပ် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၅၆(အေ)လမ်း၊ ၁၀၆လမ်းနှင့် ၁၀၇လမ်းကြားနေ ဦးမင်းခန့်ကျော်(ဘ)ဦးကျော်နိုင်ဌေး(၅/မရန(နိုင်)၃၃၃၃၈၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်။

wild soul club.

**မှတ်ပုံတင်စာချုပ်အမှတ်(၇၀၉/ ၂၀၂၅)**

ကျွန်ုပ်၏မိတ်ဆွေမှ ကုန်အမည်အမှတ်တံဆိပ်ကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ ကုန်အမည်အမှတ်တံဆိပ် မှတ်ပုံတင်မြွက်ဟကြေညာစာတမ်း စာချုပ်အမှတ်(၇၀၉/၂၀၂၅)အရ ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်သွင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှ ကုန်အမည်အမှတ်တံဆိပ်ဖြင့် **'အမျိုးသား၊ အမျိုးသမီးဝတ် အဝတ်အထည်အမျိုးမျိုး'** တို့ကို ဒီဇိုင်းအမျိုးမျိုးဖြင့် ထုတ်လုပ်ရောင်းချလျက်ရှိရာ လူအများနှစ်သက်စွာ အထူးအားပေး သုံးစွဲလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေမှ တရားဝင်မှတ်ပုံတင်သွင်းပြီးဖြစ်သော အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အခြားဘာသာစကားတို့ဖြင့်သော်လည်းကောင်း၊ တုပပြီး ကျွန်ုပ်မိတ်ဆွေနှင့် ကုန်ပစ္စည်းတူများကို ထုတ်လုပ်ရောင်းချခြင်း၊ အသုံးပြုလုပ်ကိုင်ခြင်း မပြုလုပ်ရန် သတိပေးကြေညာလိုက်ပါသည်။ ဆင်တူယိုးမှား တုပသုံးစွဲပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားမကြောင်းအရသော်လည်းကောင်း၊ ရာဇဝတ်ကြောင်းအရသော်လည်းကောင်း တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုင်မေလွင် (LL.B, D.I.L) အထက်တန်းရှေ့နေ**
**၅၇လမ်းနှင့် ၅၈လမ်းကြား၊ ၃၈(E)လမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၈၀၉၂၁**

## ကုန်အမည်အမှတ်တံဆိပ် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၅၆(အေ)လမ်း၊ ၁၀၆လမ်းနှင့် ၁၀၇လမ်းကြားနေ ဦးမင်းခန့်ကျော်(ဘ)ဦးကျော်နိုင်ဌေး(၅/မရန(နိုင်)၃၃၃၃၈၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်။

orleans original©

**မှတ်ပုံတင်စာချုပ်အမှတ်(၇၁၁/ ၂၀၂၅)**

ကျွန်ုပ်၏မိတ်ဆွေမှ ကုန်အမည်အမှတ်တံဆိပ်ကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ ကုန်အမည်အမှတ်တံဆိပ် မှတ်ပုံတင်မြွက်ဟကြေညာ စာတမ်းစာချုပ်အမှတ်(၇၁၁/၂၀၂၅)အရ ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်သွင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှ ကုန်အမည်အမှတ်တံဆိပ်ဖြင့် **'အမျိုးသား၊ အမျိုးသမီးဝတ် အဝတ်အထည်အမျိုးမျိုး'** တို့ကို ဒီဇိုင်းအမျိုးမျိုးဖြင့် ထုတ်လုပ်ရောင်းချလျက်ရှိရာ လူအများနှစ်သက်စွာ အထူးအားပေး သုံးစွဲလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေမှ တရားဝင်မှတ်ပုံတင်သွင်းပြီးဖြစ်သော အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အခြားဘာသာစကားတို့ဖြင့်သော်လည်းကောင်း၊ တုပပြီး ကျွန်ုပ်မိတ်ဆွေနှင့် ကုန်ပစ္စည်းတူများကို ထုတ်လုပ်ရောင်းချခြင်း၊ အသုံးပြုလုပ်ကိုင်ခြင်း မပြုလုပ်ရန် သတိပေးကြေညာလိုက်ပါသည်။ ဆင်တူယိုးမှား တုပသုံးစွဲပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားမကြောင်းအရသော်လည်းကောင်း၊ ရာဇဝတ်ကြောင်းအရသော်လည်းကောင်း တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုင်မေလွင် (LL.B, D.I.L) အထက်တန်းရှေ့နေ**
**၅၇လမ်းနှင့် ၅၈လမ်းကြား၊ ၃၈(E)လမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၈၀၉၂၁**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းမှတစ်ဆင့် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နေရန်လိုအပ်...

❖ ပညာရေးသည် အခြေခံဖြစ်သဖြင့် အဓိကကျ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## တပ်မတော်တွင် နဝမအကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှု (တတိယနေ့) ဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၂၇

တပ်မတော်တွင် နဝမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု(တတိယနေ့)ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်ရာ အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုတွင် လူနာ ဦးကျော်စောအောင်နှင့် အသည်းအလှူရှင် ကိုလင်းထက်အောင်တို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင်ထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၈ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသောအသည်းကို ညနေ ၃ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်းဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ကိုးနာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်နှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သောပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။



ယခင်ရက်များတွင် ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော အသည်းအလှူရှင် နှစ်ဦးနှင့် အသည်းလက်ခံလူနာ နှစ်ဦးတို့၏ ကျန်းမာရေးအခြေအနေမှာလည်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## စင်ကာပူဖိတ်ခေါ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု လေးခု ဆွတ်ခူးရရှိခဲ့သော မြန်မာပြေးခုန်ပစ်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂၇

(၈၅)ကြိမ်မြောက် စင်ကာပူဖိတ်ခေါ်(Singapore Sports-Hub)ပြိုင်ပွဲကို မေ ၂၄ရက်နှင့် ၂၅ရက်က ကျင်းပခဲ့ရာ မြန်မာပြေးခုန်ပစ် အားကစားအဖွဲ့က ရွှေတံဆိပ်ဆု လေးခု ဆွတ်ခူးရရှိခဲ့ပြီး ယမန်နေ့ည ၁၀နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။



(၈၅)ကြိမ်မြောက် စင်ကာပူဖိတ်ခေါ် (Singapore SportsHub) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု လေးခု ဆွတ်ခူးရရှိခဲ့သည့် မြန်မာပြေးခုန်ပစ်အားကစားသမားများအား ဆုတံဆိပ်များနှင့်အတူ တွေ့ရစဉ်။

အဆိုပါပြိုင်ပွဲ၌ အမျိုးသမီးကြိုးတပ် သံလုံးပစ်ပြိုင်ပွဲတွင် သွယ်သွယ်မိုးက ရွှေတံဆိပ်ဆုကို စံချိန် (၄၇ ဒသမ ၃၈မီတာ)ဖြင့်လည်းကောင်း၊ အမျိုးသမီးမီတာ ၁၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ဝင်းဝင်းခိုင်က ရွှေတံဆိပ်ဆုကို စံချိန်(၅၉း၁၅.၆၀)ဖြင့် လည်းကောင်း အမျိုးသား၊ အမျိုးသမီးမီတာ ၁၀၀၀၀လမ်းလျှောက်ပြိုင်ပွဲတွင် သန့်စင်အောင်က ရွှေတံဆိပ်ဆုကို စံချိန် (၅၀း၃၆.၁၁)ဖြင့် လည်းကောင်း၊ အမျိုးသား မီတာ ၈၀၀ပြိုင်ပွဲတွင် ဟိန်းထက်အောင်က ရွှေတံဆိပ်ဆုကို စံချိန် (၁း၅၀.၅၉)ဖြင့် အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

ယင်းပြိုင်ပွဲတွင် အရှေ့တောင်အာရှနိုင်ငံများ၊ အာရှနိုင်ငံများ အပါအဝင် အားကစားသမားစုစုပေါင်း ၃၀၀ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးကျော်ထူးအောင် ဦးဆောင်ပြီး ဦးတင့်ဝေ(နည်းပြ)နှင့် အားကစားသမားများဖြစ်သည့် ဟိန်းထက်အောင်(မီတာ၈၀၀)၊ သန့်စင်အောင်(၁၀ကီလိုမီတာ လမ်းလျှောက်)၊ ဝင်းဝင်းခိုင်(၁၀ကီလိုမီတာ လမ်းလျှောက်)နှင့် သွယ်သွယ်မိုး(ကြိုးတပ်သံလုံးပစ်)တို့ ပြန်လည်ရောက်ရှိရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၂) ညွှန်ကြားရေးမှူး ဦးဝင်းထက်မွန်၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်း၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (နည်းစနစ်ကော်မတီဥက္ကဋ္ဌ) ဦးသာအောင်နှင့် အမှုဆောင်များ၊ နည်းပြများ၊ ပြေးခုန်ပစ်အားကစားသမားများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

အောင်မြင့်(ပြန်/ဆက်)